# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၆)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ တနင်္ဂနွေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မှန်ကန်ရွေးချယ် မဲပေးမယ်**
**စတင်ရွေ့လှမ်း အနာဂတ်လမ်း။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ်သို့ရောက်ရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် နိုဝင်ဘာ ၂၉

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့်တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြောင်းမြမြို့နယ်၊ စကားမြားကျေးရွာမှ ပြန်လည်ထွက်ခွာ၍ မွန်းလွဲပိုင်းတွင် လပွတ္တာမြို့နယ်သို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၁၅ ကော်လံ ၁ ❖**



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**ဆောင်းပါး**

**မည်သည့်အခါမျှ ယိမ်းယိုင်မသွားမယ့် မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့ကြားက ချစ်ကြည်ရေးတံတား**
စာ - ၁၁ သို့

**ပေါ်ဆန်းစပါးကို ညအချိန်အလင်းရောင်ပေးခြင်း (Night-Break) နည်းပညာဖြင့်စိုက်ပျိုးနိုင်ရန် စမ်းသပ်သုတေသနပြု**
စာ - ၁၄ သို့

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ချည်မျှင်ရှည်ဝါ ဧက ၆၀၀ ကျော် ခူးဆွတ်ပြီးစီး



ပွင့်ဖြူ နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ချည်မျှင်ရှည်ဝါ ဧက ၆၀၀ ကျော် ခူးဆွတ်သိမ်းဆည်းပြီးဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ချည်မျှင်ရှည်ဝါ ၄၈၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော ဝါစိုက်ခင်းများကို ယခုလ ပထမပတ်မှစ၍ ခူးဆွတ်သိမ်းဆည်းရာ လက်ရှိတွင် ဧက ၆၁၀ ခန့် ခူးဆွတ်သိမ်းဆည်းပြီးဖြစ်ကာ တစ်ဧကလျှင် ချည်မျှင်ရှည်ဝါ ၅၂၄ ပိဿာခန့် **စာမျက်နှာ ၈ ကော်လံ ၃ ■**




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်)

# ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည့် မြန်မာနိုင်ငံ၏အနာဂတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံသို့တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိခဲ့သည်။ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတအား သမ္မတအိမ်တော်ဆင်ဖြူတော်ဆောင်ညွှန့်ခန်းမ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုခဲ့သည်။ ထို့နောက် နှစ်နိုင်ငံသမ္မတနှစ်ဦးတွေ့ဆုံဆွေးနွေးကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ၏ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနိုင်ငံအပေါ် ချစ်ကြည်ရင်းနှီးမှုယုံကြည်မှုကိုပြသသည့်ခရီးစဉ်တစ်ခုဖြစ်သည်။ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု ၂၆ နှစ်တာကာလအတွင်း မြန်မာနိုင်ငံသို့ ဘယ်လာရုစ်နိုင်ငံမှ နိုင်ငံတော်အကြီးအကဲအနေဖြင့်လာရောက်သည့် သမိုင်းဝင်ခရီးစဉ်တစ်ခုဖြစ်သည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းအားဖြင့် သံတမန်ဆက်ဆံမှုနှင့်ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နှစ်နိုင်ငံမှာ အလှမ်းကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုသည် တိုးတက်ကောင်းမွန်လျက်ရှိသည်။ ဘယ်လာရုစ်နိုင်ငံသည် စက်မှုနိုင်ငံဖြစ်ပြီး စက်မှု၊ ဆေးဝါးနည်းပညာ၊ ပညာရေး၊ စိုက်ပျိုးရေးတို့တွင် အဆင့်မီနည်းပညာရပ်များကိုပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံအတွက်လိုအပ်သည့်ကဏ္ဍများတွင် အပြည့်အဝပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ စစ်ဘက်နည်းပညာဆိုင်ရာနှင့် ကုန်သွယ်မှုဆိုင်ရာများတွင်လည်း တိုးမြှင့်ဆောင်ရွက်မည်ဖြစ်သည်။ နှစ်နိုင်ငံအကြား သက်ဆိုင်ရာတာဝန်ရှိသူများဖြင့် စီးပွားရေးဖိုရမ်များကိုကျင်းပပြုလုပ်နိုင်ခဲ့ပြီး စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်မည့်လိုအပ်ချက်များကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။ လက်ရှိအခြေအနေတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)ကိုလည်း ရေးဆွဲနိုင်ခဲ့ပြီးဖြစ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတော်အကြီးအကဲအနေဖြင့် ယခုနှစ်မတ်လအတွင်း ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်နှင့် ဇွန်လအတွင်း စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန်သွားရောက်ခဲ့သည်။ မတ်လအတွင်းသွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဘယ်လာရုစ်သမ္မတ၏ ယခုချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆- ၂၀၂၈)၊ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်အပါအဝင် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနှင့်ဘယ်လာရုစ်နှစ်နိုင်ငံသံတမန်ဆက်ဆံရေးမှာ သိသာထင်ရှားစွာတိုးတက်လာသည်။ အနာဂတ်ကာလတွင်လည်း ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားကြမည်ဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတွေ့ဆုံမှုမှာ ယခုနှစ်အတွင်း ခြောက်ကြိမ်ရှိခဲ့သည်။ ၂၀၂၅ ခုနှစ်သည် နှစ်နိုင်ငံအတွက် အမှတ်တရများစွာရှိပြီး နှစ်နိုင်ငံအကြား သမိုင်းအသစ်များစိုက်ထူနိုင်သည့်နှစ်တစ်နှစ်ဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အမြဲတံခါးဖွင့်ထားပြီး ပူးပေါင်းဆောင်ရွက်မှုများဆောင်ရွက်ချိန်တွင် မည်သည့်ပြင်ပနှောင့်ယှက်စွက်ဖက်မှုများရှိနေပါစေ တစိုက်မတ်မတ်ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည်သာဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E.Mr.Aleksandr Lukashenko တို့က မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်ကိုရှင်းလင်းပြောကြားစဉ် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီးက **“ကျွန်တော့်အနေနဲ့ထပ်မံပြောကြားလိုတာကတော့ ကျွန်တော့်ရဲ့နိုင်ငံရေးသက်တမ်းတစ်လျှောက်မှာ အဆွေတော်ဦးဆောင်တဲ့အစိုးရအဖွဲ့လိုမျိုး မိမိနိုင်ငံနဲ့ မိမိပြည်သူပြည်သားတွေအတွက် နေ့စဉ်နေ့တိုင်း အားသွန်ခွန်စိုက်အလုပ်လုပ်တဲ့အစိုးရနဲ့ နိုင်ငံ့ခေါင်းဆောင်မျိုးမတွေ့ဖူးပါဘူး။ တော်တော်လေးကိုရှားရှားပါးပါးတွေ့ဖူးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း နှစ်နိုင်ငံ ပြည်သူပြည်သားတွေအားလုံး အကျိုးအမြတ်ရစေဖို့၊ နှစ်နိုင်ငံပြည်သူပြည်သားတွေအားလုံး စိတ်ချမ်းသာစေဖို့အတွက် ပူးပေါင်းဆောင်ရွက်ဖို့အတွက် ဘယ်လာရုစ်နိုင်ငံအနေနဲ့အဆင်သင့်ရှိကြောင်း ပြောကြားလိုပါတယ်”**ဟုပြောကြားခဲ့သည်။

မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလမ်းပြမြေပုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်သည့်အချက်များစွာပါဝင်သည်။ အဆိုပါလမ်းပြမြေပုံအတိုင်းဆောင်ရွက်သွားမည်ဆိုပါက နှစ်နိုင်ငံစီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံစက်မှုလုပ်ငန်းများလည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေး၊ အားကစား၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စွမ်းအင်၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့်ကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာနိုင်ငံပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပြည်သူများအနေဖြင့် စည်းလုံးညီညွတ်စွာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၂၈

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# ကန့်ဘလူမြို့နယ်၌ မတ်ပဲဧက ၃၁၀၀၀ ကျော်စိုက်ပျိုးပြီးစီး

ကန့်ဘလူ နိုဝင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲသီးနှံ ၃၈၄၃၇ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးကြရာ နိုဝင်ဘာလ ၂၆ ရက်အထိ ၃၁၂၂၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မတ်ပဲသီးနှံဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ အခုထိ ဧက ၃၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မတ်ပဲသီးနှံ လျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလည်း လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလည်း မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေတယ်”ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောသည်။

ကန့်ဘလူမြို့နယ်၌ မတ်ပဲသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၄၀၉)

# ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းစစ်ဆေး

လဲချား နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် နောင်နင်းကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနှင့်တာဝန်ရှိသူများက နောင်နင်းကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်ရာတွင် စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားရန်နှင့်ရေပိုက်များကိုရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

နောင်နင်းကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ဇူလိုင်လမှစတင်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါရေပိုက်သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက နောင်နင်းကျေးရွာရှိ ပြည်သူလူထု၏ သောက်သုံးရေသယ်ယူရေးကောင်းမွန်လာပြီး နေထိုင်မှုအဆင့်တိုးတက်လာခြင်း၊ အချိန်ကုန်သက်သာခြင်း၊ ကျန်းမာရေးကောင်းမွန်ခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၇၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်ဧက ၂၈၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်ဧက ၂၈၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီစေရန် ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက် ၁၇၄၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၂၈၄ ဧက အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဟင်းသီးဟင်းရွက်များ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၇၄၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ၂၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးသွားမှာပါ။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်တွေအားလုံး အစားအစာဘေးကင်းလုံခြုံစေဖို့ GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် စိုက်ပျိုးဖို့အတွက် နည်းပညာပေးတာတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးနှင့် ပိုးမွှားရောဂါကျရောက်မှုကင်းစင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် မိသားစုဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။



**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မြန်အောင်မြို့နယ်၌ ဒေသထွက်ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



မြန်အောင် နိုဝင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ဒေသထွက်ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စန်းပပ၏ပြောဆိုချက်အရ သိရသည်။

မြန်အောင်မြို့နယ်၌ ယခုနှစ် နိုဝင်ဘာလနောက်ဆုံးပတ်မှစတင်ပြီး ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက်ဖူးစားပြောင်းကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားများနေသည့်အပြင် တခြားဒေသများမှလည်း ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်နဲ့ တခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့နေပါတယ်။ ဖူးစားပြောင်းတွေ အဝယ်လိုက်ပြီး အရောင်းသွက်နေတာဖြစ်ပါတယ်" ဟု ဒေါ်စန်းပပကပြောသည်။

မြန်အောင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ဖူးစားပြောင်းများကိုဝယ်ယူပြီး ကုန်တင်ယာဉ်များဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

## တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၆၈၀ ကျော် တန်ဖိုးရှိ စတော့ရှယ်ယာအစောင် နှစ်သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်မြို့ရှိ ရန်ကုန်စတော့အိတ်ချိန်း၌ နိုဝင်ဘာလ နောက်ဆုံးပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၆၈၀ ကျော် တန်ဖိုးရှိ စတော့ရှယ်ယာအစောင် နှစ်သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ်စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ နိုဝင်ဘာလ ၂၄ ရက်မှ ၂၈ ရက်အထိ ငွေကျပ် ၆၈၈၀၃၃၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၀၇၆၀ အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၂၄၇၈၁၅၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၂၈၈၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၄၄၉၀၁၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၀၅၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၁၀၀၃၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၃၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၆၅၅၉၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၁၀၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၁၉၆၀၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၈၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။


EFR ကုမ္ပဏီမှ ငွေကျပ် ၁၂၄၁၄၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၇၄၆၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၂၅၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၇၄၆၇၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၃၉၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

ကာတွန်း



# အရိပ်

မစန္ဒာ

**ယမန်နေ့မှအဆက်**

အခန်းထောင့်တွင်ရှိသော သောက်ရေအိုးကို ကျောင်းသူနှစ်ဦးက ရေဖြည့်နေကြသည်။ အပြင်ဘက်တွင် ဆော့ကစားနေကြသော အသံများသည်ကား စီခနဲ ညံခနဲ လျှံ၍လျှံ၍လာတတ်သည်။ ကျောင်းတက်ရန် နာရီဝက်ခန့်လိုသေးသဖြင့် အတန်းထဲတွင် လူမစုံသေးပေ။

'အေးလေ အာမိတ်ရဲ့ကလေးတွေပေါ့'

မသန်းအေးကပါ ပြဿနာထဲ ပါလာသည်။ စုလှိုင်သည် သက်ပြင်းလေး မသိမသာချရင်း စားပွဲပေါ်တွင်မှောက်ထားသောစာအုပ်လေးကို စိုက်ကြည့်နေလိုက်မိသည်။ သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးစာအုပ်လေးဖြစ်သည်။

'ဟုတ်ပါဘူး၊ ခွေးနက်ကြီးရဲ့ ကလေးတွေပါနော်'

အမာညိုဘက်မှ စစ်ကူရောက်လာသောအခါ သက်သက်သည် မခံမရပ်နိုင်ဖြစ်သွားသည်။ စုလှိုင်ကို အကူအညီတောင်းဟန်နှင့် လှမ်းကြည့်သည်။ စုလှိုင်က မလှုပ်သောအခါ သိပ္ပံမောင်ဝကို သွားမေးမည်ဟု အော်ပြန်လေသည်။

ထိုဝတ္ထုဆောင်းပါးများသည်တက္ကသိုလ်ဝင်တန်း မြန်မာစာအတွက် သတ်မှတ်ထားသောစာအုပ်ဖြစ်သည်။ ထို့ကြောင့် စုလှိုင်တို့အားလုံး သိပ္ပံမောင်ဝ ပင်တိုင်ထားပြီး ရေးဖွဲ့ထားသော "မောင်လူအေး"၏အကြောင်းကို ကျက်မှတ်ကြရသည်။ ကျက်ရင်းမှတ်ရင်း စဉ်းစားရင်းမှ "ကလေးတို့အဖေ"ဟူသော ဝတ္ထုလေးနှင့်ပတ်သက်ပြီး အငြင်းပွားကြရခြင်းဖြစ်သည်။

အာမိတ်နှင့်လွေဇောသည် မောင်လူအေးနှင့်ခင်သန်းမြင့်တို့၏အိမ်တွင် မွေးမြူထားသော ချင်းခွေးလေးနှစ်ကောင်ဖြစ်သည်။ ခင်သန်းမြင့်က အာမိတ်နှင့် လွေဇောကို ပေါင်းဖက်စေလိုသည်။ သို့သော် လွေဇောက အာမိတ်ကို မကြိုက်ချေ။ ခွေးနက်ကြီးနှင့်ကြိုက်သဖြင့် ခန်သန်းမြင့်က အတင်းခွဲထားခဲ့ကြောင်း "အချစ်မီး"ဟူသော ဝတ္ထုထဲတွင် ရေးဖွဲ့ထားသည်။ ထိုမှအဆက် "ကလေးတို့အဖေ"ဟူသောဝတ္ထုထဲတွင်ကား လွေဇောသည် "ချီ၊ ဘူး၊ ဒိုင်း"ဟူသော ခွေးငယ်ရင်သွေးလေးများရနေပြီဖြစ်သည်။ ခွေးအမေလွေဇောက ခွေးငယ်လေးများကို အရေးမစိုက်ချေ။ ခွေးနက်ကြီးနှင့်သာ တတွဲတွဲနေလေသည်။ အာမိတ်ကြီးကသာ ခွေးလေးများကို ဂရုတစိုက်ထိန်းသိမ်းနေကြောင်း ရေးဖွဲ့ထားလေသည်။ ထိုအခါ အမာညိုနှင့် သက်သက်တို့နှစ်ယောက်ကြားထဲတွင် ပြဿနာပေါ်တော့သည်။

'ဟော့ ခေါင်းစဉ်ကိုက ကလေးတို့အဖေတဲ့၊ ရေးတာက အာမိတ်အကြောင်း၊ ရှင်းနေတာပဲ၊ ဘာမှငြင်းနေစရာမလိုဘူး မိသက်ရဲ့'

'ဟာ ဟ၊ လွေဇောက အာမိတ်ကို အစ်ကိုလိုပဲချစ်တာ၊ အာမိတ်ကလည်း လွေဇောကိုမကြိုက်ဘူး၊ သူတို့က မောင်နှမလိုပဲနေတာ၊ လင်မယားလို မကြိုက်ဘူး သိရဲ့လား'

'အမယ် နင့်ဘယ်သူပြော'

"အချစ်မီး" ထဲမှာပါတာ မမှတ်မိဘူးလား၊ ခွေးနက်ကြီးနောက်ကို လွေဇောက ဆင်းလိုက်သွားတော့ အာမိတ်ကြီးကပါ တတန်းတန်းနဲ့ ယောက်ဖနောက် လိုက်သွားတယ်လို့ ရေးထားတယ်လေ၊ ဒီမှာကြည့်၊ ဒီမှာ ပြန်ဖတ်ကြည့်ပါလား'

'ဒါပေမဲ့ ခင်သန်းမြင့်က အတင်းပေးစားရင် သူတို့က ဘယ်ငြင်းနိုင်မလဲ၊ ယူလိုက်ရမှာပေါ့'

'ဟော့ ခွေးဆိုတာ လူတွေထက်သစ္စာရှိတယ်၊ အတင်းပေးစားတိုင်း ယူမယ်အောက်မေ့လို့လား'

'ဟာ ဟ၊ ခွေးကများ လူထက်သစ္စာရှိသေးတယ်တဲ့'

'ဟုတ်တယ်'

'ဒီလိုဆို နင်လူကိုမကြိုက်နဲ့၊ ခွေးကိုကြိုက်၊ ခွေးသစ္စာရှင်ကြီးကိုပဲယူ၊ ခွေးကတော်ပဲလုပ်တော့ပေါ့ အောင်နက်ကတော်ရဲ့'

'အောင်မာ အောင်မာ'

သက်သက်သည် ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်သွားသည်။ ခုံပေါ်မှ ဝါးပေတံလေးကို ကောက်ယူကာ အမာညိုအား မမီမကမ်းလှမ်းရိုက်လိုက်သည်။ အမာညိုက လျင်ပြီးသားဖြစ်သည်။ ကိုယ်ကို ယို့၍ လွတ်အောင် ရှောင်လိုက်သည်။ ထို့နောက် ရယ်မောရင်းမှ ခုံကိုပတ်၍ အခန်းအပြင်သို့ ထွက်ပြေးသွားသည်။ အခန်းအပြင်ရောက်သောအခါမှ 'အောင်နက်ကတော်၊ ခွေးကတော်၊ တကြော်ကြော်အော်ပါနဲ့၊ အလိုတော် ခေါ်ပါရဲ့၊ အောင်နက်ကတော်၊ ခွေးကတော်'ဟု ထပ်ခါထပ်ခါ အော်လေတော့သည်။ သက်သက်က အံတကျိကျိကြိတ်ရင်း မကြားချင်ဟန်ဆောင်ပြီး ကျောခိုင်းထားလိုက်သည်။ မခံနိုင်၍ ထလိုက်လျှင်လည်း မိအောင်လိုက်နိုင်မည် မဟုတ်ချေ။ အမာညိုသည် အလွန်အပြေးသန်ကြောင်း သိထားသောကြောင့်ဖြစ်သည်။

**"သက်သက်သည် အမာညိုကို ခေတ္တမျှ လျစ်လျူရှုထားလိုက်ပြီး စုလှိုင်ကိုလှည့်ကြည့်သည်။ ဆူညံလှုပ်ရှားနေသောဝန်းကျင်တွင် စုလှိုင်သည် အငြိမ်ကြီးငြိမ်နေလေသည်။ ပြောင်စပ်စပ်နှင့် ခုန်ဆွခုန်ဆွလုပ်ရင်း အော်နေသော အမာညိုကို တွေတွေဝေဝေငေးမောကြည့်နေလေသည်. . ."**

သက်သက်သည် အမာညိုကို ခေတ္တမျှ လျစ်လျူရှုထားလိုက်ပြီး စုလှိုင်ကို လှည့်ကြည့်သည်။ ဆူညံလှုပ်ရှားနေသောဝန်းကျင်တွင် စုလှိုင်သည် အငြိမ်ကြီး ငြိမ်နေလေသည်။ ပြောင်စပ်စပ်နှင့် ခုန်ဆွခုန်ဆွလုပ်ရင်း အော်နေသော အမာညိုကို တွေတွေဝေဝေငေးမောကြည့်နေလေသည်။

'စုလှိုင် ဘာဖြစ်နေတာလဲ'

'ဘာမှမဖြစ်ပါဘူး'

သက်သက်က မေးသောအခါ စုလှိုင်၏ ညိုမှိုင်းသောမျက်လုံးအစုံသည် သက်သက်ဆီသို့ ပြောင်းလွဲကြည့်ရှုလာသည်။ ထိုမျက်လုံးများကို သက်သက်မနှစ်မြို့ပေ။ သူ့အတွင်းစိတ်ကို ဖတ်၍မရအောင် သူ့မျက်လုံးများကို အလွှာတစ်ခုထပ်မံပြီး အုပ်ထားသလို ခံစားရတတ်သောကြောင့်ဖြစ်သည်။

'ဘာလို့ မှိုင်နေတာလဲ'

'ကိုယ်မှိုင်နေလို့လား'

စုလှိုင်က ခပ်ကြောင်ကြောင် ပြန်မေးစဉ် စူးရှသောခေါင်းလောင်းသံက ထွက်ပေါ်လာသည်။ ကျောင်းတက်ပေပြီ။ အခန်းအပြင်ဘက်မှ ကျောင်းသူများသည် အခန်းထဲသို့ တဝုန်းဝုန်းဝင်လာကြသည်။ စားလက်စ သရက်ပြားချဉ်ချဉ်ကို ကမန်းကတန်း ပြီးအောင်စားနေသော ခင်ခင်လှ၏မျက်နှာသည် ရှုံ့မဲ့နေသည်။ အမာညိုသည် သက်သက်ကို ပေစောင်းစောင်းကြည့်ရင်း သူ့နေရာသို့သူ ကြောက်ဆုတ်ကြောက်ဆုတ်နှင့် ပြန်ရောက်လာသည်။ သက်သက်က သူ့ကို ဂရုမထားဘဲ စုလှိုင်ကို အကဲခတ်နေဟန်ကိုတွေ့ရသောအခါ သူကပါ စုလှိုင်ကို ငဲ့ပြီးကြည့်မိလေသည်။ စုလှိုင်သည် သူတို့နှစ်ဦးကို ခပ်စိန်းစိန်းပြန်ကြည့်ပြီး ပြုံးလိုက်သည်။ သို့သော်သူ့အပြုံးသည် အသက်မပါလှချေ။

'စုလှိုင်က တစ်မျိုးပဲ'

အမာညိုက စိတ်ထဲမှပြောလိုက်မိစဉ် အတန်းပိုင်ဆရာမဝင်လာသည်။ ထို့ကြောင့် တစ်တန်းလုံးမတ်တတ်ရပ်ကာ အရိုအသေပြုလိုက်ကြသည်။ ဆရာမက ကျောင်းခေါ်ချိန်စာအုပ်ကိုဖွင့်ကာ ခေါ်သောအခါတွင်ကား အမာညိုသည် စုလှိုင်ကို သတိမရတော့ပေ၊ မေ့သွားပြီဖြစ်သည်။

'ခင်ခင်လှ'

'ပရဲဆင့်တီချာ'

'စုစုလှိုင်'

'ပရဲဆင့်တီချာ'

'အယ်မာထွေး'

'ခွင့်တိုင်ထားပါတယ်'

'သက်သက်'

'ပရဲဆင့်တီချာ'

ထိုအချိန်တွင် အမာညိုသည် မကျေလည်သေးသော ခက်ဆစ်များကို ကမန်းကတန်း ကျက်မှတ်နေသည်။ ကျောင်းမတက်ခင် အပြီးကျက်မည်ဟု စိတ်ကူးထားသော်လည်း အာမိတ်တို့၊ လွေဇောတို့ ဝင်ရောက်နှိပ်စက်လိုက်သောကြောင့် မကျက်ဖြစ်လိုက်ပေ။ ဆရာမစာမေး၍ မဖြေနိုင်လျှင် ပြန်မထိုင်ရပေ။ မတ်တတ်ရပ်နေရသောကြောင့် အလွန်ရှက်ဖို့ကောင်းလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ) ဘွဲ့နှင်းသဘင်ခန်းမ၌ Cyber Security သင်တန်းဆင်းပွဲကျင်းပ

ဟသ်ာတ နိုဝင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)ဘွဲ့နှင်းသဘင်ခန်းမ၌ နိုဝင်ဘာလ ၂၈ ရက်က Cyber Security သင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ) ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်က ဟသ်ာတခရိုင်နှင့် မြန်အောင်ခရိုင်တို့၌ တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာဝန်ထမ်းများအတွက် Cyber Security ဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန်နှင့် နည်းပညာပြန့်ပွားစေရန်ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် ကွန်ပျူတာ၊ Mobile Phone နှင့် Internet သုံးစွဲသူများပြားလာသည်နှင့်အမျှ Cyber လုံခြုံရေးအတွက်လည်း အရေးကြီးလာပြီဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း ပြည်သူများအတွက် ပိုမိုမြန်ဆန်သော e-Government ဝန်ဆောင်မှုများ အသုံးပြုလာသည်နှင့်အမျှ သတင်းအချက်အလက်များ မပေါက်ကြားစေရေးအတွက် ဆောင်ရွက်နိုင်ရန် Cyber Security ဗဟုသုတများ၊ နည်းပညာများကို ဖြန့်ဝေရခြင်းဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သောသင်တန်းတွင် Cyber Security နှင့်ပတ်သက်၍ အခြေခံသဘောတရားများသိရှိအောင် သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူများအနေဖြင့် မျက်မှောက်ခေတ် Cyber လုံခြုံရေးနှင့်ပတ်သက်၍ နည်းပညာများကို မျက်ခြည်မပြတ်လေ့လာသွားရန်လိုအပ်ကြောင်း အမှာစကား ပြောကြားသည်။

ယင်းနောက် Cyber Security သင်တန်းတက်ရောက်ခဲ့ပြီး အရည်အချင်းစစ်အောင်မြင်ပြီးစီးသည့် သင်တန်းသား၊ သင်တန်းသူ ၄၁ ဦးအား ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်က သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။




အဆိုပါသင်တန်းကို ကွန်ပျူတာတက္ကသိုလ် (ဟသ်ာတ) ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်နှင့် ပါမောက္ခဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့

# အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရရှိတော်မူသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်၏ ဂုဏာဝိသိဋ္ဌ ပူဇော်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရ၏ အဘိဓဇမဟာရဋ္ဌဂုရု ဂုဏာဝိသိဋ္ဌပူဇော်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ပင့်သံဃာတော် ၁၈ ပါးနှင့်တပည့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အလှူရှင်မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ညွှန်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရ၏ ထေရုပ္ပတ္တိအကျဉ်းကို ကိုရီးယားသာသနာပြုဆရာတော် ဘဒ္ဒန္တဝိစိတ္တ(မနာပဒါယီ)ကလည်းကောင်း၊ ထုတ္တိဝဏ္ဏနာဂါထာကို မြိတ်မြို့ အောင်မင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မဝံသကလည်းကောင်း ရွတ်ဆိုပူဇော်ကြသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဦးအေးထွန်းတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ဆက်လက်၍ သဘင်အနုပညာရှင် မန္တလေးသိန်းဇော်နှင့် တေးသံရှင် ရွှန်းလဲ့အောင်တို့က အဘိဓဇဂုဏာဝိသိဋ္ဌပူဇာ ၈၀ ပေါ်တေးထပ်နှင့် မင်္ဂလာရတုပိုဒ်စုံတို့ဖြင့် သီဆိုပူဇော်ကြသည်။

ထို့နောက် အပူဇော်ခံဆရာတော်ဘုရားကြီးနှင့်တကွ ဆရာတော်သံဃာတော်အရှင်မြတ်တို့ထံ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အဂ္ဂါအဘိဓဇပါမောက္ခချုပ်ကျောင်းတော်တည်ဆောက်ရန်နှင့် ဆရာတော်ကြီး သာသနာပြုလုပ်ငန်းအသုံးပြုရန် မော်တော်ယာဉ်တစ်စီး၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အတွက် ဆွမ်းပဒေသာပင်အလှူငွေတို့ကို အလှူရှင်များကပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှညွှန်ပရိသတ်များက အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ မြဝတီ

# သီလဝါဆိပ်ကမ်း၌ သဘာဝဓာတ်ငွေ့ရည်သိုလှောင်သင်္ဘောဆိုက်ကပ်ထားမှု၊ သန်လျင် ၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံနှင့် သာကေတ ၃၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတို့မှ ဓာတ်အားပေးစက်များ စမ်းသပ်မောင်းနှင်နေမှု ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဉာဏ်ထွန်းသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်သူလူထုနှင့် စက်မှုဇုန်များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်နေသော ကျောက်တန်းမြို့နယ်ရှိ သီလဝါဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသည့် သဘာဝဓာတ်ငွေ့ရည် သိုလှောင်သင်္ဘော (Floating Storage Unit – FSU)၊ သဘာဝဓာတ်ငွေ့ရည်ကို ဓာတ်ငွေ့ပြန်လည်ပြုလုပ်သောစက်ရုံ (Regasification Unit) နှင့်သန်လျင် ၂၀၀မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၊ သာကေတမြို့နယ်ရှိ သာကေတ ၃၀၀မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံတို့မှ ဓာတ်အားစမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ သီလဝါဆိပ်ကမ်းရှိ သန်လျင်၂၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားပေးစက်ရုံများမှ သတ်မှတ်ဓာတ်အားပမာဏပြည့်မီအောင် ထုတ်လုပ်နိုင်ရေး၊ LNG သည် ဈေးနှုန်းကြီးမြင့်သော စွမ်းအင်အရင်းအမြစ်ဖြစ်သည့်အတွက် လေလွင့်မှုနည်းပါးစေရန် ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ်မောင်းနှင်ရေးနှင့် စက်စွမ်းရည်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး ဓာတ်အားပေးစက်များ စမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သီလဝါဆိပ်ကမ်း၌ FSU ဆိုက်ကပ်ထားရှိမှု၊ သိုလှောင်ထားသော LNG ဓာတ်ငွေ့ရည်ကို ပိုက်လိုင်းများဖြင့် ဓာတ်ငွေ့ပြန်လည်ပြုလုပ်သောစက်ရုံ (Re-gasification Unit)သို့ ပေးပို့နေမှု၊ LNG ကို သဘာဝဓာတ်ငွေ့ပြန်လည်ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သာကေတ ၃၀၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ၌ ဓာတ်အားထိန်းချုပ်ခန်းနှင့် ဓာတ်အားပေးစက်ရုံဝင်းအတွင်း ဓာတ်အားပေးစက်များစမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ယမန်နေ့ညနေပိုင်းတွင် ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီး အဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ဒညင်းကုန်းလမ်းဆုံ မီးရထားသံလမ်းထိပ်မှ လှော်ကားတာဆုံအထိ လမ်းနယ်နှင့် မလွတ်ကင်းသော ၆၆ကေဗွီ၊ ၃၃ကေဗွီ၊ ၁၁ကေဗွီနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများကို လမ်းမကြီးနှင့် လွတ်ကင်းရာသို့ ပြောင်းရွှေ့တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းတိုင်များ အသစ်စိုက်ထူခြင်း၊ ကြိုးဆွဲခြင်းလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ဓာတ်အားလိုင်းဟောင်းဖြုတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက ဓာတ်အားလိုင်းများ ဖြုတ်သိမ်းခြင်းနှင့် ရွှေ့ပြောင်းတည်ဆောက်ခြင်းလုပ်ငန်းများ သတ်မှတ်ချိန်အတွင်းပြီးစီးနိုင်ရေး၊ ဝန်ထမ်းများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မြဝတီ

# ပျော်ဘွယ်မြို့နယ်တွင် ဆန္ဒမဲပေးနိုင်ရန် အသက် ၁၈ နှစ်ပြည့်ပြီးသူများမကျန်ရှိစေရေး စာရင်းကောက်ယူနေမှု၊ စာရင်းဖြည့်သွင်းနေမှုတို့ကို ကြည့်ရှုအားပေး

ပျော်ဘွယ် နိုဝင်ဘာ ၂၉

ပျော်ဘွယ်မြို့ မြို့မရဲစခန်းအတွင်း မဲပေးစက်များထိန်းသိမ်းထားမှု မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲဆန္ဒရှင်စာရင်းများပြင်ဆင်ဖြည့်သွင်းနေမှု၊ ရပ်ကွက်အချို့၌ မဲဆန္ဒရှင်စာရင်းကျန်ရှိမှုမရှိစေရေးစာရင်းကောက်ယူနေမှုတို့ကို နိုဝင်ဘာလ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင် ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်သည် မြို့မရဲစခန်းအတွင်း မဲပေးစက်များ ရောက်ရှိထိန်းသိမ်းထားမှုအခြေအနေများကို ကြည့်ရှုပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်၍ မဲဆန္ဒရှင်စာရင်းများ ပြင်ဆင်နေမှု၊ ကျန်ရှိစာရင်းများဖြည့်သွင်းနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် အတွက် ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအာကာစိုးတို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ဆက်လက်၍ ရွှေပြည်ရန်အောင်ရပ်ကွက်နှင့် ရွှေပြည်ရန်လုံရပ်ကွက်များသို့ သွားရောက်ကာ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် စေတနာ့ဝန်ထမ်းများပါဝင်သည့်အဖွဲ့များက ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အသက် ၁၈ နှစ်ပြည့်ပြီးသူများ မကျန်ရှိစေရေး မြေပြင်ကွင်းဆင်း၍ တစ်အိမ်တက်ဆင်း စာရင်းကောက်ယူနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

## (၃၈) ဖြာမင်္ဂလာ

# စိုသောလက်ကို မခြောက်စေရ (ကတညုတာ)

ကိုဇော်ဌေး(ယဉ်ကျေးမှု)



စိုးသူအိမ်ပြန်ရောက်တော့ ဖေဖေနှင့် ဦးဝင်းပတို့ စကားထိုင်ပြောနေကြသည်ကို တွေ့လိုက်ရသည်။

"သား ကျောင်းဆင်းပြီလား"

ဦးဝင်းပက စိုးသူကို နှုတ်ဆက်လာသဖြင့် "ဟုတ်ကဲ့" ဟု ပြန်ဖြေလိုက်မိသည်။ စိုးသူက လွယ်အိတ်ကို တိုင်၌ချိတ်ကာ အဝတ်အစားလဲပြီး ဖေဖေတို့အပါးမှာ ဝင်ထိုင်လိုက်သည်။

"ဦးက မြို့ပြန်တော့မှာသားရ၊ ဒါကြောင့် သား ဖေဖေကိုနှုတ်ဆက်ရင်း လက်ဆောင်လည်းလာပေးတာ''

ဦးဝင်းပက စိုးသူခေါင်းကိုပွတ်သပ်ရင်း ပြောလာလေသည်။ "အားနာစရာ ကိုဝင်းပရယ်၊ ဒီလူနဲ့ဒီလူ ပေးရမယ့်သူတွေမှ မဟုတ်တာဗျာ"

ဖေဖေက အားနာစကားဆိုသည်၊ ဦးဝင်းပက

"ဒါတော့ ဒါပေါ့ဗျာ၊ ငယ်ငယ်တုန်းက အစ်ကို စာပြပေးခဲ့ဖူးလို့သာ ကျွန်တော်ဒီဘဝရောက်ခဲ့ရတာပါ"

"တို့ တစ်ရွာတည်းသားတွေပဲကွာ၊ စာပြတယ်ဆိုတာကလည်း စာတော်စေချင်လို့ပါ"

ဖေဖေက ဦးဝင်းပစကားကို ပြန်ဖြေလိုက်သည်။ ယခုမှပင် စိုးသူ သတိထားမိလိုက်သည်၊ ဖေဖေ့နံဘေးဝယ် မုန့်ပုံးတစ်ပုံးနှင့် ပုဆိုးတစ်ထည်ကို တွေ့ရသည်။


"သား ပင်လယ်မြို့စား ငါးစီးရှင်ကျော်စွာနဲ့ သူ့ရဲ့ကျွန်ယုံတော် ခေင်ညိုတို့အကြောင်း သင်ဖူးလား"

စိုးသူက ဦးဝင်းပအမေးကို ခေါင်းညိတ်ပြလိုက်မိသည်။ တစ်လုတ်စားဖူးသူ့ကျေးဇူးဟူသော နတ်တင်ထားသည့် အမဲသား၊ ငါးတို့ကိုစားမိသဖြင့် စစ်ကိုင်းစား အသင်္ခယာစောယွမ်းကိုမသတ်ဘဲ ပတ္တမြားကျောက်စီဓားယူကာ ပြန်လာသောခေင်ညိုကို ပြေးမြင်လိုက်မိသည်။

"အေး အဲဒီလိုပဲ၊ ဦးလည်းငယ်ငယ်တုန်းက သား ဖေဖေစာသင်ပေးခဲ့လို့၊ မရှင်းတဲ့စာတွေကို သား ဖေဖေကရှင်းပြပေးခဲ့လို့၊ ဦးဒီဘဝရောက်ခဲ့ရတာ၊ ကြုံတုန်းသားရယ်၊ လောကမှာ သားစိုးသူလည်း ဦးဦးလို တစ်လုတ်စားဖူးသူ့ကျေးဇူးကို သိတတ်တဲ့သူ ဖြစ်စမ်းပါ" ဦးဝင်းပက ဆုံးမစကားဆိုရာ စိုးသူငြိမ်၍ နားထောင်နေလိုက်သည်၊ ဖေဖေက "ဝိဓုရဇာတ်တော်မှာ ဝိဓုရအမတ်ကြီးက ပုဏ္ဏကဘီလူးကို တရားဟောသလိုပေါ့ ကိုဝင်းပရယ်၊ တစ်ဦးနဲ့တစ်ဦး မတွေ့မမြင် မသိကျွမ်းဘူးဘဲနဲ့ မိမိကိုနေရာပေးခြင်း၊ ခဲဖွယ်ဘောဇဉ်တည်ခင်းကျွေးခြင်းစသည့်ဧည့်ဝတ်တို့ကိုပြုအံ့၊ ထိုသို့ပြုပေးသောသူကို မိမိသည်လည်း ထိုသူကျင့်သကဲ့သို့ လိုက်၍ကျင့်ရာ၏တဲ့။ သူ့အိမ်မှာ တစ်ညမျှနေဖူးအံ့၊ သူ့အိမ်မှာ ထမင်းအဖျော်တို့ကို နည်းနည်းများများ စားသုံးရအံ့၊ ထိုသူကို စိတ်ဖြင့်ပင်ပြစ်မှားခြင်းမပြုရတဲ့၊ ပြစ်မှားမိရင် စိုစွတ်ပြီးသောလက်ကို ပူလောင်ခြောက်သွေ့ရာမည်၏တဲ့၊ အကြင်သူသည် သစ်ပင်၏အရိပ်၌ နေဖူးအံ့၊ အိပ်လည်းအိပ်ဖူးအံ့၊ ထိုသူသည် သစ်ပင်၏ အကိုင်းအခက်ကို မဖျက်ဆီး၊ မချိုးဖွဲ့ရ၊ ထိုသစ်ပင်သည် မိမိကို စိတ်ချမ်းသာအောင်ဆောင်ပေသောကြောင့် ခင်ပွန်းမိတ်ဆွေမည်၏တဲ့။ ကိုဝင်းပလိုလူကတော့ ရှာမှရှားတဲ့ တကယ့်လူကောင်းလူတော်ကြီးပါဗျာ"

ဖေဖေက အားရဝမ်းသာစွာပြောလိုက်သည်။ စိုးသူခေင်ညိုအကြောင်းကို သင်ကြားဖူးသည်။ ဝိဓုရဇာတ်တော်ကိုလည်း မေမေပြောပြ၍ အိပ်ရာဝင် ပုံပြင်အနေနှင့် နားထောင်ဖူးသည်။ ခေင်ညိုသည် "ဤမင်းသည် ယခုပင် ငါ၏ထမင်းရှင် ကျေးဇူးရှင်ဖြစ်ခဲ့ပြီ၊ ကျေးဇူးရှင်ကိုပြစ်မှားလျှင် ငါ၌အပြစ်ဝန်အလွန်ကြီးလေးအံ့၊ ငါ့အရှင်ငါ့ကိုသတ်သော်တစ်သက်သာသေရမည်၊ ထမင်းရှင်ကို ပြစ်မှားလျှင်ကား ဘဝအဆက်ဆက် မကောင်းကျိုးများတော့မည်တကား" ဟု ကျေးဇူးတရားကို သိတတ်ခဲ့သည်။ သူ့သခင် ငါးစီးရှင်ကလည်း ငါ့ကျွန်ခေင်ညိုသည် ထမင်းတစ်စလောင်းရှင်၏ကျေးဇူးကိုပင် ဤမျှလောက်သိနေလျှင် ငါနေ့တိုင်းမပြတ် သားမယားနှင့်တကွ ကျွေးမွေးနေသော ကျေးဇူးဆိုလျှင်ကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်းဟု ခွင့်လွှတ်ခဲ့သည်။ ဝိဓုရသုခမိန်၏ သာဓုနရတရားလေးပါးကြောင့် ပုဏ္ဏကဘီလူး အမြင်မှန်ရလာသလို ဝိဓုရသုခမိန်လည်း ညှဉ်းပန်းနှိပ်စက်ခြင်းမှ လွတ်ကင်းခဲ့ရဖူးသည်။ ဖေဖေနှင့် ဦးဝင်းပတို့ စကားဝိုင်းမှ "စိုသောလက်ကို မခြောက်စေနှင့်" ဟူသော စကားကို ယခုထပ်မံကြားသိရသဖြင့် စိုးသူနားလည်လိုက်သည်။ စိုးသူဘဝ၌လည်း စိုသောလက်ကို မခြောက်စေရအောင် ကျင့်ကြံပြုမူနေထိုင်သွားမည်ဟူ၍သာ။ ။

## ရယ်စရာပုံစာ



### လှတောသားတို့ နွားအရောင်းအဝယ်

ခြံပေါက်နွားတစ်ရှဉ်းရောင်းမယ်လို့ သတင်းလွှင့်ထားလိုက်လေတော့ မကြာခင်မှာပဲ တခြားရွာက နွားဝယ်မယ့်သူတွေရောက်လာကြတယ်။ ရောင်းမယ့်နွားတစ်ရှဉ်းကို လှည့်ပတ်ကြည့်ကြပြီး. . .

"ဦးလေးနွားတွေကလည်း သေးကွေးလှပါလားဗျာ၊ ခွေးကို ချိုတပ်ပေးထားသလား အောက်မေ့ရတယ်"

"အကောင်သာသေးတာ ငါ့တူရေ၊ လှည်းတပ်ပြီးများ မောင်းလိုက်ပြီလားဆိုရင်၊ လက်ဝါးပေါ်မို့တင်ပြီး မှုတ်ထုတ်လိုက်သလိုပဲဟ၊ လှည်းမောင်းမယ့်သူကတော့ ဆိုင်ကယ်စီးဦးထုပ် ဆောင်းထားဖို့ မမေ့နဲ့ဟေ့"

အပြောကောင်းတာနဲ့ပဲ နွားတစ်ရှဉ်းဈေးတည့်ပြီး ဆွဲသွားကြပါလေရော။

နွားအရောင်းအဝယ်ပွဲကို အစအဆုံးကြည့်နေတဲ့ အိမ်နီးချင်းတစ်ယောက်က. . .

"ခင်ဗျားပြောသလိုဆို ဒီလောက်ကောင်းနေတဲ့ နွားတွေကိုများ ဘာလို့ရောင်းပစ်လိုက်ရတာတုံးဗျာ"

"မင်းမသိသေးလို့ အလုပ်လုပ်ရင်း ဗွေဖောက်ပြီး ဝပ်ပလားဆိုရင်ဖြင့် ငုတ်ရိုက်ထားသလိုပဲ မောင်ရေ့""ထ. . လာအောင် ရိုက်ပေါ့ဗျ"

"အောင်မယ်လေး မောင်ရာ၊ အရေခွံကွာပြီး ဝမ်းတွင်းသားတွေပေါ်လာအောင်ရိုက်လည်း ကြိမ်ကို ကိတ်မုန့်ထက် ကြိုက်တဲ့ကောင်တွေဟေ့"။ ။

ဖိုးစလုံး

## မြန်မာ့ရိုးရာ စကားထာ

# တစ်ကျောက်အိပ်

တစ်နေ့မှာရှင်မဟာသီလဝံသဆရာတော်ဆီကိုရှင်မဟာရဋ္ဌသာရဆရာတော်ရဲ့ကပ္ပိယကျောင်းသားတစ်ဦး လာရောက်ဦးခိုက်တယ်။

"မင်းတို့ဆရာတော်က ဘာများမိန့်တော်မူလိုက်သလဲကွဲ့"

ဆရာတော်ရှင်မဟာသီလဝံသက အမေးတော်ရှိလိုက်ပါတယ်။ "မှန်လှပါ။ ဆရာတော့်ဆီမှာ တစ်ကျောက်အိပ်ရှိရင်အလှူခံခဲ့ပါလို့ အမှာပါးလိုက်ပါတယ်ဘုရား"

ဆရာတော်ရှင်မဟာရဋ္ဌသာရက ပဟေဠိစကားနဲ့အလှူခံလိုက်တာပါ။ ပဟေဠိဆိုတာက "အဓိပ္ပာယ်ဝှက်ထားတဲ့စာ၊ စကား" တွေပါပဲ။ ပဟေဠိကို "စကားထာ" လို့လည်းခေါ်ပါတယ်။

ဆရာတော်ရှင်မဟာရဋ္ဌသာရရဲ့ပဟေဠိစကားကို ဆရာတော်ရှင်မဟာသီလဝံသက အဓိပ္ပာယ်ပေါ်အောင်အဓိပ္ပာယ်ဖော်ရပါတယ်။ "တစ်ကျောက်အိပ်" ဆိုတာဘာလဲလို့ဉာဏ်ဖွင့်စဉ်းစားတော်မူပါတယ်။

"တစ်ကျောက်အိပ်" ကို စကားလိမ်နဲ့စဉ်းစားလိုက်တော့"တစ်ကျိုပ်အောက်" လို့ပေါ်လာပါတယ်။ "ကျိုပ်" ဆိုတဲ့စကားကို လူဦးရေ ရေတွက်ရာမှာသုံးပါတယ်။ "ကျိုပ်" လို့ သုံးနှုန်းတဲ့စကားလုံးက ဆယ်ပြည့်ကိန်းကိုညွှန်းဆိုပါတယ်။ တစ်ကျိုပ်၊ နှစ်ကျိုပ်၊ သုံးကျိုပ်ကနေကိုးကျိုပ်အထိ သုံးစွဲပြောဆိုကြပါတယ်။ ဆယ်ကျိုပ်လို့တော့မသုံးပါဘူး။ ဆယ်ကျိုပ်က တစ်ရာဆိုတော့ရာပြည့်ကိန်းဖြစ်သွားလို့ပါပဲ။

"တစ်ကျိုပ်အောက်" ဆိုတော့ ဆယ်ယောက်မပြည့်ပါဘူး။ ဆယ်ယောက်အောက်လျော့ပါတယ်။ ဆယ်ယောက်အောက်လျော့တာက "ကိုးယောက်" ဖြစ်ပါတယ်။ "ကိုးယောက်"ကို စကားလိမ်နဲ့ဖော်လိုက်တော့ "ကောက်ရိုး"လို့အဓိပ္ပာယ်ပေါ်လာပါတယ်။

"ကပ္ပိယရဲ့ဆရာတော်အလှူခံတဲ့ တစ်ကျောက်အိပ်တွေက ဟိုမှာရှိတယ်။ ကပ္ပိယနိုင်သလောက်ယူသွားပြီး ကပ္ပိယရဲ့ဆရာတော်ကို ကပ်လှူလိုက်ပေတော့"

ဆရာတော်ရှင်မဟာသီလဝံသက ကောက်ရိုးပုံကိုညွှန်ပြီးပြောလိုက်ပါတယ်၊ ကပ္ပိယကလည်း ကောက်ရိုးတွေပွေ့ယူသွားပြီး ဆရာတော်ရှင်မဟာရဋ္ဌသာရကို ဆက်ကပ်လိုက်ပါတယ်။ ဆရာတော်ရှင်မဟာရဋ္ဌသာရကလည်း ဝမ်းသာအားရလက်ခံတော်မူပါတယ်။ ဆရာတော်ရှင်မဟာရဋ္ဌသာရအလှူခံတာကလည်း ကောက်ရိုးပါ။ ဆရာတော့်ကျောင်းက သစ်ရိပ်ဝါးရိပ်တွေကောင်းပါတယ်။ သစ်ရိပ်ဝါးရိပ်တွေကို အမှီသဟဲပြုပြီးလာနေကြတဲ့ ကြက်၊ ငှက်တိရစ္ဆာန်တွေကလည်း အများကြီးပါ။ ကြက်၊ ငှက်တိရစ္ဆာန်တွေအတွက် ဝပ်ကျင်းလုပ်ပေးဖို့လိုအပ်နေတာကလည်းကောက်ရိုးပါပဲ။ ဒါပေမဲ့ ဆရာတော်က ကောက်ရိုးလို့မိန့်ပြီးအလှူခံတာမဟုတ်ပါဘူး။ "တစ်ကျောက်အိပ်"လို့ ပဟေဠိစကားနဲ့ မိန့်တော်မူလိုက်တာပါ။ ဆရာတော်ရှင်မဟာသီလဝံသက ဉာဏ်နဲ့ယှဉ်ပြီး အထပ်ထပ်အခါခါ စဉ်းစားဆင်ခြင်တော်မူပါတယ်။ ဒီတော့ "တစ်ကျောက်အိပ်"ကို ကောက်ရိုးဆိုတဲ့အဖြေမှန်အောင် ဖော်ထုတ်နိုင်ခဲ့ပါတယ်။

ဆရာတော်ရှင်မဟာရဋ္ဌသာရက "ကောက်ရိုး"ကို "တစ်ကျောက်အိပ်" လို့ဝှက်ပြီးမိန့်တော်မူပါတယ်။ ဆရာတော်ရှင်မဟာသီလဝံသကလည်း "တစ်ကျောက်အိပ်" ကို "ကောက်ရိုး" လို့ဖော်ထုတ်ပေးလိုက်ပါတယ်။ ဒါကလည်း စကားထာဝှက်နည်းတစ်မျိုးပါပဲ။ ဒီစကားထာဝှက်နည်းကိုတော့ "စကားလိမ်" နဲ့ ဝှက်တဲ့စကားထာလို့ခေါ်ပါတယ်။

စကားထာအမျိုးအစားတွေထဲမှာ စကားလိမ်နဲ့ဝှက်တဲ့ စကားထာကလည်း တစ်မျိုးပါဝင်နေပါတယ်၊ စကားလိမ်ဆိုတာကလိမ်ညာတဲ့စကားမဟုတ်ပါဘူး။ မူရင်းစကားလုံးရဲ့ကာရန်ကို ရှေ့နဲ့နောက်ပြောင်းပြန်လုပ်ပြီး ပြောတဲ့စကားပါ။ "ငါ့ဘို့" ဆိုတဲ့စကားကို "ငို့ဘာ" လို့ပြောသလိုပါပဲ။ ရှေ့က "ငါ့" ဆိုတဲ့ "အ" ကာရန်ကိုနောက်ပို့၊ နောက်က "ဘို့" ဆိုတဲ့ "အို့" ကာရန်ကိုရှေ့ပို့လိုက်တာပါပဲ။ ဒီတော့ "ငါ့ဘို့" က "ငို့ဘာ" လို့ဖြစ်သွားပါတယ်။ အဲဒါကိုစကားလိမ်လို့ခေါ်တာပါ။

"နောင်မှသိ" ကိုစကားလိမ်နဲ့ပြောရင် "နိမှသောင်" လို့ပြောကြတယ်။ ရှေ့က "နောင်" ဆိုတဲ့ "အောင်" ကာရန်နဲ့နောက်ဆုံးက "သိ" ဆိုတဲ့ "အိ"ကာရန်ကိုလဲလှယ်လိုက်တော့ "နိမှသောင်" လို့ဖြစ်သွားတယ်၊ အဲဒီ "နိမှသောင်" ကလည်း စကားလိမ်ပါပဲ။ စကားလုံးနှစ်လုံးထက်ပိုတဲ့စကားကို စကားလိမ်ပြောင်းမယ်ဆိုရင် ရှေ့ဆုံးကစကားလုံးနဲ့နောက်ဆုံးကစကားလုံးကိုပဲ ကာရန်ပြောင်းရပါတယ်။ အလယ်က စကားလုံးတွေကို မပြောင်းရပါဘူး။ မူရင်းအတိုင်းပဲထားရပါတယ်။


မြန်မာ့ရိုးရာစကားထာတွေထဲက "စကားလိမ်စကားထာ" ကလည်း ပျော်ရွှင်စရာ၊ နှစ်သက်မြတ်နိုးစရာကောင်းပါတယ်၊ စကားလိမ်စကားထာကိုဖော်မယ်ဆိုရင်နှစ်ဆင့်၊ သုံးဆင့်ဉာဏ်ဖွင့်စဉ်းစားရပါတယ်။ ဒါမှဖော်လို့ရပါတယ်၊ ဉာဏ်ဖွင့်စဉ်းစားရတာများလေလေ ဉာဏ်ရည်ကလည်း ထက်လေလေပဲမဟုတ်ပါလား။ ။

မောင်သစ္စာ

# စစ်တွေမြို့၌ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး တိုက်ဆိုင်စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၉

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စေရန် မဲစာရင်းတွင်ပါသင့်သူများ မကျန်ရှိစေရေး၊ အသက် ၁၈ နှစ်နှင့်အထက် စာရင်းအချက်အလက်များပြည့်စုံမှန်ကန်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ မဲပေးပိုင်ခွင့် အခွင့်အရေးများနစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ရပ်ကွက်/ လမ်းများအလိုက် နေအိမ်များသို့ မဲစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့တို့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ကြသည်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ စစ်တွေမြို့၌ မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုစဉ်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများမှန်ကန်စေရေး ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြီးကြပ်တာဝန်ခံဌာနဆိုင်ရာများ၏ မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းနှင့်ပတ်သက်၍ တင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်တို့အတွက် လက်ဆွဲမျိုးစေ့ချကိရိယာလွှဲပြောင်းပေးအပ်



ပြည် နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းက ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်တို့အတွက် လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder)လွှဲပြောင်းပေးအပ်ပွဲကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စပါးသီးနှံအပါအဝင် သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဧရိယာတိုးချဲ့ခြင်းထက် ပိုမိုလက်တွေ့ကျသည့် သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ သီးထပ်စွမ်းအားနှင့်သီးနှံစိုက်စွမ်းအားတိုးတက်ရေးတို့ကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စပါးသီးနှံ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် နည်းလမ်းကြံဆဆောင်ရွက်သည့်နေရာတွင် စိုက်စနစ်မှန်ကန်ရေးသည် အလွန်အရေးကြီးပြီး တစ်ဧကေ သတ်မှတ်အပင်ရေမှန်ကန်၊ ပြည့်မီရန် စိုက်ပျိုးနိုင်သည့်နည်းလမ်းများဖြစ်သည့် ပျိုးထောင်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၊ တိုက်ရိုက်မျိုးစေ့ချကိရိယာ(Drum Seeder)ဖြင့် စိုက်ပျိုးခြင်းနည်းလမ်းသုံးမျိုး အနက် Drum Seeder နှင့် စိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်အနည်းဆုံးဖြစ်ပြီး အလွယ်တကူ လိုက်နာကျင့်သုံးနိုင်သည့် စပါးစိုက်နည်းစနစ်တစ်ခုဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိနိုင်သည့် Drum Seeder နှင့် စပါးစိုက်ပျိုးသည့်စနစ်ကိုကျယ်ကျယ်ပြန့်ပြန့် လိုက်နာဆောင်ရွက်နိုင်ရေး တောင်သူအိမ်ထောင်စုတိုင်း အနည်းဆုံး Drum Seeder တစ်လက်ပိုင်ဆိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်သည့် Drum Seeder တစ်လက်လျှင် ငွေကျပ် ၂ သိန်းနှုန်းဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်းနှင့် စက်မှုလယ်ယာကူးပြောင်းရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်လုပ်ပေးထားသည့် လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder)များကို လယ်ယာလုပ်ငန်းခွင်တွင် အကျိုးရှိစွာအသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်တို့မှ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တောင်သူများထံ လက်ဆွဲမျိုးစေ့ချကိရိယာ ၁၄၀၀ လက်အား ပထမအကြိမ်အဖြစ် လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားကာ လွှဲပြောင်းပေးအပ်သည့် လက်ဆွဲမျိုးစေ့ချကိရိယာများအား လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

ဥဿာတိုင်းသား

## မြတ်နိုးဖွယ်ရာမြန်မာကဗျာ

# အရုဏ်နှင်းဆီ ဖူးလေပြီ

❖ စံပယ်လေညင်း၊ ပြေပြေသင်း၍
ငွေနှင်းဆွတ်ထုံ၊ တိမ်ဝတ်မှုန်ဝယ်
အရုဏ်နှင်းဆီ ဖူးလေပြီ။

❖ ဆည်းလည်းသံအေး၊ ၄က်သံအေးသည့်
တေးချိုနွဲ့ပျောင်း၊ တောရကျောင်းမှ
အုန်းမောင်းခေါက်သံ၊ ရွာလုံးညံသော်
တောင်ပံရိုက်မြူး၊ အားသစ်လူး၍
ကြက်ဦးတွန်သံ သာလေပြီ။

❖ အိမ်ရှေ့အဝင်၊ စောင်ချမ်းပင်ဝယ်
ခိုဝင်စက်မေ့၊ စာကလေးတို့
တေးချိုသီမြွက်၊ အိပ်တန်းသက်၍
တက်ကြွဟန်ချီ၊ စုပေါင်းညီလျက်
ရောင်နီဦးကို ကြိုလေပြီ။

❖ "လုံမ လုံမ၊ ငါ့မြေး ထလေ
ခွေးမတို့တွေ၊ သွားနှင့်ချေပေ့ါ"
ရွှေနှင့်ယိုးမှား၊ လယ်မြေကြားတွင်
လုပ်အားခေါ်သံ၊ ဆူဆူညံသော်
ကောက်နံ့လှဲ့ဝင်း သင်းချေပြီ။

❖ ရေချမ်းကပ်လှူ၊ ပန်းကပ်လှူ၍
လူ, နတ်, ဗြဟ္မာ၊ သတ္တဝါတို့
ချမ်းသာစေရေး၊ မေတ္တာတေးကို
မွေးမိဖွဲ့သီ၊ အိမ်ဦးဆီဝယ်
ကြေးစည်သံသာ ဝေ့လေပြီ။

❖ ချစ်ဖွယ်လူလေး၊ မေ့ရင်သွေးလည်း
ဖင့်နွေးမနေ၊ နိုးထချေပေ့ါ
ရေမိုးသန့်စင်၊ အားသစ်ဆင်ကာ
ကြည်လင်နှုတ်စ၊ ခွန်းချိုမြဖြင့်
အ, အာ, ဣ, ဤ ကျက်မှတ်ပြီ။

❖ သြော်. . .စံပယ်လေညင်း၊ ပြေပြေသင်း၍
ငွေနှင်းဆွတ်ထုံ၊ တိမ်ဝတ်မှုန်ဝယ်
အရုဏ်နှင်းဆီ ဖူးလေပြီ။ ။

မြင်းမူမောင်နိုင်မိုး

ညအချိန် အိပ်နေချိန်တွင်
လျှပ်စစ်မီးများ ပိတ်ခြင်းဖြင့်
လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။

**MWD Variety Channel**
၃၀-၁၁-၂၀၂၅
(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | မှတ်သားလေ့လာအိမ်တွင်းမှုပညာ |
| ၂။ | ၁၀:၄၀ | ရောင်စုံပျံ့သင်းစာပန်းခင်း |
| ၃။ | ၁၄:၂၀ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၄။ | ၁၆:၃၀ | လောကကိုအလှဆင် ပန်းတို့ဥယျာဉ် |
| ၅။ | ၁၇:၅၀ | ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ |

**သဇင်(FM)အသံလွှင့်အစီအစဉ်** ၃၀-၁၁-၂၀၂၅(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ |
| ၂။ | ၁၀:၄၀ | နိပါတ်တော်လာ သိမှတ်စရာ |
| ၃။ | ၁၃:၃၀ | Music Crazy |
| ၄။ | ၁၄:၅၅ | Sporty Zone |
| ၅။ | ၁၈:၂၀ | Relaxing Moment |
| ၆။ | ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

# ငဖဲမြို့နယ်၌ မဲဆန္ဒရှင်အမည်စာရင်း မြေပြင်အမှန် ပြည့်စုံမှန်ကန်စေရေးအတွက် Door To Door ကွင်းဆင်းကောက်ယူနေမှုကို ကွင်းဆင်းစစ်ဆေး

ငဖဲ နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မဲစာရင်းပြည့်စုံမှန်ကန်စေရေး၊ မဲစာရင်းတွင် ပါဝင်သင့်သူများပါဝင်စေရေးနှင့် မပါဝင်သင့်သူများမပါဝင်စေရေး အတွက် Door To Door ကွင်းဆင်းကောက်ယူသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအဖွဲ့များ စာရင်းကောက်ယူနေမှုကို ယနေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သောင်းနှင့်အဖွဲ့ဝင်များက အဖွဲ့သုံးဖွဲ့ခွဲ၍ အိမ်တိုင် ရာရောက်မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ရပ်ကွက်၊ ကျေးရွာများအတွင်း နေထိုင်သည့် အိမ်ထောင်စုအလိုက်မဲစာရင်း ပါ/မပါ တိုက်ဆိုင်စစ်ဆေးစာရင်းကောက်ယူ နေမှုကို လိုက်လံကြည့်ရှုသည်။

ထိုသို့ဆောင်ရွက်ရာတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူများအနေဖြင့် မိမိတို့နေထိုင်ရာ ဒေသတွင် ပုံစံ(၆၆/၆)ရှိပြီး မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအမည်နှင့် တခြားအချက်အလက် များအား ကန့်ကွက်ရန်ရှိပါက ကန့်ကွက်လွှာပုံစံ(၄)ဖြင့်လည်းကောင်း၊ မဲစာရင်းပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်ရန်ရှိပါက ပြင်ဆင်လွှာပုံစံ(၄-က)ဖြင့်လည်းကောင်း၊ မဲစာရင်းထုတ်ပြန်ကြေညာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့မှတစ်ဆင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သတ်မှတ်ပုံစံများဖြင့် လျှောက်ထားရန်လိုကြောင်း သိရသည်။

မယု(ငဖဲ)

# မကွေးမြို့၌ ဒီဇင်ဘာလူထုအားကစားလအကြို စုပေါင်းလမ်းလျှောက်ပွဲ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ပါဝင်ဆင်နွှဲ



မကွေး နိုဝင်ဘာ ၂၉

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ရှေးရှုလျက် ဒီဇင်ဘာအားကစားလအကြို လူထုစုပေါင်းလမ်းလျှောက်ပွဲကို မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ယနေ့နံနက် ၅ နာရီတွင် မကွေးမြို့ တိုင်းအားကစားကွင်းရှေ့၌ ကျင်းပသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက် ပွဲသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှအရာရှိ ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီး များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်း များနှင့်ဝန်ထမ်းမိသားစုများ၊ ပြည်သူလူထု များနှင့် ကျောင်းသား၊ ကျောင်းသူများ ပျော်ပျော်ရွှင်ရွှင်ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍တာလွှတ်ပေးရာ ပါဝင် ဆင်နွှဲကြသူများသည် တိုင်းအားကစား ကွင်းမှစတင်၍ ပြည်တော်သာလမ်း၊ ထိုမှ တစ်ဆင့်မြို့ပတ်လမ်းတစ်လျှောက်၊ အဝေရာ လမ်းအတိုင်း စုပေါင်းလမ်းလျှောက်၍ တိုင်းအားကစားကွင်းအတွင်း ပြန်လည် ဝင်ရောက်ပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ(၁)+(၂) နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကိုစုပေါင်း လှုပ်ရှားဆောင်ရွက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက စုပေါင်း လမ်းလျှောက်သူများကို စားသောက်ဖွယ်ရာ မုန့်နှင့် အချိုရည်ဘူးများဝေငှပေးသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် အခြေခံပညာကျောင်းပေါင်းစုံ Fitness Dance ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဆက်လက် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည်အခြေခံပညာကျောင်း ပေါင်းစုံ Fitness Dance ပြိုင်ပွဲဝင်များ စုပေါင်း၍ "လမ်းလျှောက်မယ်"သီချင်းဖြင့် သရုပ်ပြခြင်းကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဝင် အသင်းများအတွက် ဝတ်စုံစရိတ်အဖြစ် တစ်သင်းလျှင် ငွေကျပ် ခုနစ်သိန်းနှုန်းဖြင့် အသင်း ၁၄ သင်းအတွက် စုစုပေါင်းငွေကျပ် ၉၈ သိန်းကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ မောင်ခိုင်မင်း(ပြန်ဆက်)

■ ရှေ့ဖုံးမှအဆက်


ထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုး ရာသီက ချည်မျှင်ရှည်ဝါ ၄၈၇၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဝါစိုက်ခင်းတွေကို ခူးဆွတ်သိမ်းဆည်း နေကြပါတယ်။ လက်ရှိမှာ ဧက ၆၁၀ ခန့် ခူးဆွတ်သိမ်းဆည်းပြီးဖြစ်ပါတယ်။ အထွက် နှုန်းအနေနဲ့ တစ်ဧကကို ချည်မျှင်ရှည်ဝါ ၅၂၄ ပိဿာခန့် ထွက်ရှိပါတယ်။ ချည်မျှင် ရှည်ဝါက ဈေးကွက်ရှိတာကြောင့် ဒေသခံ တောင်သူတွေက မိုးဦးနဲ့မိုးနှောင်းမှာ စီးပွား ဖြစ်စိုက်ပျိုးကြပါတယ်။ ဝါစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ ပန်းတိုင် အထွက်နှုန်းရရှိဖို့ လိုအပ်တဲ့စိုက်ပျိုးရေး နည်းပညာနဲ့ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုး နိုင်အောင် ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်။ နောက်ပြီး ဝါခူးဆွတ်သိမ်းဆည်းရာမှာ အထွက်နှုန်းလျော့နည်းမှုမရှိအောင် အချိန်မီ ရိတ်သိမ်းနည်းပညာနဲ့ သိမ်းဆည်းပြီးတဲ့ ဝါတွေ အရည်အသွေးကောင်းမွန်စေဖို့ စနစ်တကျ ထားသိုထိန်းသိမ်းနည်းပညာ တွေကို အသိပညာပေးတာတွေ ကြီးကြပ် ဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ ကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ချည်မျှင်ရှည်ဝါ စိုက်ပျိုးတောင်သူများကို သီးနှံဝင်ငွေတိုးပွား စေရန်နှင့်အရည်အသွေးကောင်းသောဝါများ ထွက်ရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသ နှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန် စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးစသည့် အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြောင်း သိရသည်။

ချည်မျှင်ရှည်ဝါကို အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် အထောက်အကူပြု ပေးနိုင်မည့်အပြင် ပို့ကုန်မှုကို ရောင်းချနိုင် မည်ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ချည်မျှင်ရှည်ဝါကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ် ကြောင်း သိရသည်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## မိုးလေဝသ သတင်း




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၀ | ၂၆၀၅ | ၂၅၇၀ | ၂၅၀၅ | ၂၆၁၀ | ၂၆၂၅ | ၂၆၄၅ | ၂၅၆၀ | ၄၅၀၅ | ၂၈၅၅ | ၂၅၈၀ | ၂၇၂၅ | ၂၆၅၀ | ၂၆၁၅ | ၂၆၃၅ | ၂၈၉၅ |
| 95 Ron | ၂၅၇၀ | ၂၆၈၅ | ၂၆၅၀ | ၂၅၈၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၂၀ | ၂၆၄၀ | ၄၅၆၀ | ၂၉၃၅ | ၂၆၅၅ | ၂၈၁၀ | ၂၇၃၀ | ၂၆၉၅ | ၂၇၁၅ | ၂၉၇၀ |
| HSD (500 ppm) | ၂၅၁၅ | ၂၆၃၀ | ၂၅၉၅ | ၂၅၃၀ | ၂၆၃၅ | ၂၆၅၀ | ၂၆၆၅ | ၂၅၈၅ | - | ၂၈၀၀ | ၂၆၀၅ | ၃၁၀၀ | ၂၆၇၅ | ၂၆၄၀ | ၂၆၆၀ | ၂၉၂၀ |
| HSD (50 ppm) | ၃၀၃၀ | ၃၁၄၅ | ၃၁၁၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၀ | ၄၈၃၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၆၅ | ၃၁၉၀ | ၃၁၅၅ | ၃၁၇၅ | ၃၄၃၅ |
| HSD (10 ppm) | ၃၀၃၀ | ၃၁၄၅ | ၃၁၁၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၀ | - | ၃၃၉၅ | ၃၁၂၀ | ၃၁၆၅ | ၃၁၉၀ | ၃၁၅၅ | ၃၁၇၅ | ၃၄၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၃၅ | ၂၄၁၅ |
| 95 Ron | ၂၄၁၁ | ၂၄၉၂ |
| HSD (500 ppm) | ၂၃၅၉ | ၂၄၃၆ |
| HSD (50 ppm) | ၂၈၅၈ | ၂၉၄၄ |
| HSD (10 ppm) | ၂၈၅၈ | ၂၉၄၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်းဆင်းပွဲကျင်းပ




**တောင်ငူ နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်သုံးနှစ်မှငါးနှစ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်းဆင်းပွဲကို နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းက တောင်ငူမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

အဆိုပါသင်တန်းအား ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဌာန(ကလေးစိတ်ပညာ)၊ ကြက်ခြေနီ၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးသူငယ်ဆိုင်ရာ(ECCD)ဌာနတို့မှ သင်တန်းနည်းပြငါးဦးတို့က ပုံပြင်စာအုပ်ပြုလုပ်နည်းများ၊ ပုံပြင်ပြောနည်းလမ်းများ၊ ကလေးစိတ်ပညာ၊ ကူးပြောင်းကာလအရေးကြီးပုံ၊ ရှေးဦးသူနာပြုစုခြင်း၊ ကျန်းမာရေးနှင့်အာဟာရ၊ လက်မှုအနုပညာဖြင့်သင်ကြားခြင်း၊ အခြေခံပန်းချီသင်ကြားခြင်း၊ ကလေးငယ်များပြုစုစောင့်ရှောက်ရမည့်နည်းလမ်း အစရှိသည့် သင်ခန်းစာများအား သက်ဆိုင်ရာဘာသာရပ်အလိုက် သက်ဆိုင်ရာသင်တန်းနည်းပြများက သင်တန်းသား ၃၀ ဦးတို့အား နိုဝင်ဘာလ ၈ ရက်မှ ၂၇ ရက်ထိ စာတွေ့လက်တွေ့သင်ကြားပေးကြောင်း သိရသည်။ (၄၁၀)

# နန်းပန်အားကစားရုံဖွင့်ပွဲနှင့် SHAN STATE VOLLEYBALL LEAGUE (2025-2026) ကလပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ညောင်ရွှေ နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် နန်းပန်မြို့ မိုးလုံလေလုံအားကစားရုံဖွင့်ပွဲနှင့် SHAN STATE VOLLEYBALL LEAGUE (2025–2026) ကလပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းက အဆိုပါအားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် တာဝန်ရှိသူများက နန်းပန်အားကစားရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အားကစားရုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး SHAN STATE VOLLEYBALL LEAGUE (2025–2026) ကလပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး အားကစားပစ္စည်းများပေးအပ်၍ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုငွေများပေးအပ်သည်။

ဆက်လက်၍ SHAN STATE VOLLEYBALL LEAGUE (2025–2026) ကလပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကိုစတင်ကျင်းပရာ ပြိုင်ပွဲပထမပွဲစဉ်အဖြစ် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)အသင်းနှင့် (မိုင်းပျိုး+တောင်တို) အသင်းတို့ ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း(၁၁)သင်း ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၅)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ (၁၁)ကြိမ်မြောက် ထုတ်ချေး

**ငဖဲ နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ရေနွယ်ကျေးရွာဓမ္မာရုံ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (၁၁)ကြိမ်မြောက် ပြန်လည်ထုတ်ချေးခြင်းကို နိုဝင်ဘာလ ၂၈ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရေနွယ်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးထံသို့ ရန်ပုံငွေကျပ် ၁၅၈ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးထံသို့ ရန်ပုံငွေကျပ် ၂၄၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးထံသို့ ရန်ပုံငွေကျပ် ၂၅ သိန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထံသို့ ရန်ပုံငွေကျပ် ၅ သိန်း စုစုပေါင်း အသင်းဝင် ၉၁ ဦးထံသို့ ရန်ပုံငွေကျပ် ၄၂၉ သိန်းအား တစ်ဦးချင်းထုတ်ချေးပေးကြောင်း သိရသည်။ ဇင်မာ

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၁-၂၀၂၅(တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၇:၂၅ | ဓမ္မပူဇာတေး |
| ၃။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၄။ | ၀၉:၀၀ | အမှတ်တရနေ့ရက်များ |
| ၅။ | ၁၀:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၆။ | ၁၁:၀၀ | အတွေးအမြင် |
| ၇။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၈။ | ၁၃:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၉။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၁၀။ | ၁၇:၀၀ | သုတရသစုံလင်ဗဟုသုတပုံပြင် |
| ၁၁။ | ၁၈:၂၀ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၁၂။ | ၁၉:၀၀ | **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်** |

## မဲပေးကြစို့

❖ မဲရုံကိုလာ
ညီညာလုသေး။
မဲရွေးကာ စိတ်တိုင်းကျ
ပေးကြစို့လေး။

❖ ရွေးချယ်ပါ ပြည်သူ့တွက်
ရှေ့ထွက်လို့ ရပ်တည်ကာ
ကြိုးစားသူသာ။
စိစစ်တွေး ရွေးချယ်ပါ
ရင်ထဲလာ မဲတစ်ပြား။
ပေးအပ်ဝန် နိုင်ငံ့အတွက်
ရွက်ဆောင်သူများ။

❖ တွေးပါကွဲ့ ပေးပါ။
ခေါင်းဆောင်မှာ အရည်ချင်း
ပြည့်တင်းဖို့သာ။
လေ့လာရင်း သုံးသပ်ပါ
ရွေးချယ်ကာ တင်မြှောက်ဖို့။
ရွေးလို့သာ အခွင့်အရေး
မဲပေးပါစို့။

❖ ပေးကြပါ မြန်ပြည်တွက်
တိုးတက်ဖို့ ဆောင်ရွက်သူ
အားပေးကာကူ။
ဒီမိုကရေစီ နိုင်ငံထူ
ပြည်သူတို့ အခွင့်အရေး။
ကိုယ့်မဲကို ကိုယ်တိုင်ပေး
ရွေးကြစို့လေး။

❖ ရွေးပါကွဲ့ ရွေးပါ။
နှစ်သက်ရာ စိတ်ကြိုက်ရွေး
မဲပေးလို့သာ။
ဘယ်မလိုက် သူသူငါ
အစွဲခွာ ပုဂ္ဂိုလ်အရေး။
မြော်တွေးကာ တိုးတက်မှု
ရှေးရှုလို့ပေး။

❖ ဒီမိုကရေစီ လမ်းစဉ်နဲ့
ကူးပြောင်းတဲ့ ဒီချိန်ခါ ။
ကြည်သာစွာ လက်မနှေး
မဲပေးကြပါ။
စိစစ်တွေး ပေးရမှာ
ကြိုတင်ကာ ရွေးချယ်ထား။
အသည်းကြားက မဲတစ်ပြား
ပေးကြစို့လား။ ။

နွေဦးကိုကို(နေပြည်တော်)

# (၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ဒုတိယဝန်ကြီး ဦးသန့်စင်လွင် ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၉

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ နိုဝင်ဘာလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပသည့် (၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျီအမ်အက်စ်ဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ပါရန် ထိုင်းနိုင်ငံ အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုကောင်စီမှ ဒုတိယဝန်ကြီးချုပ် Mr. Ekniti Nitithanprapas ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ဒုတိယဝန်ကြီး ဦးသန့်စင်လွင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

နိုဝင်ဘာလ ၂၇ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည့် ဂျီအမ်အက်စ် စီးပွားရေးဖိုရမ် အဆင့်မြင့် မူဝါဒဆွေးနွေးပွဲ၌ ဂျီအမ်အက်စ် အစီအစဉ်၏ ဦးစားပေးကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်စိန်ခေါ်မှုများ၊ အဟန့်အတားများကို ပူးပေါင်းဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ တက်ရောက်လာသည့် ဂျီအမ်အက်စ်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဖွဲ့ဝင်နိုင်ငံများရှိ ဂျီအမ်အက်စ် စီးပွားရေးကောင်စီအသီးသီးမှ ကိုယ်စားလှယ်များအကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ဝန်ကြီးများအဆင့် အလွတ်သဘောအစည်းအဝေး၌ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတွင်ပုဂ္ဂလိကကဏ္ဍနှင့်ဒေသန္တရအစိုးရများ၏ပါဝင်မှုပိုမိုအားကောင်းစေရေး ကိစ္စရပ်များအပေါ် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများမျက်နှာစုံညီအစည်းအဝေးကို "GMS ဒေသခွဲတွင် ဒေသန္တရအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပေါင်းစည်းပါဝင်ခြင်းဖြင့် အားလုံးပါဝင်သည့် တိုးတက်မှု၊ ဟန်ချက်ညီသောဖွံ့ဖြိုးမှုနှင့် သာယာဝပြောမှုရရှိစေရန် ဖော်ဆောင်ရေး" ဟူသည့်ခေါင်းစဉ်ဖြင့် ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် ဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ဒုတိယဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားခဲ့ကြသည်။

ဝန်ကြီးများမျက်နှာစုံညီအစည်းအဝေးတွင် အဆင့်မြင့်အရာရှိများအစည်းအဝေး၊ ဖွံ့ဖြိုးမှုမိတ်ဖက်များအစည်းအဝေး၊ စီးပွားရေးကောင်စီ အစည်းအဝေးနှင့် ဒေသန္တရအစိုးရများဖိုရမ်ရလဒ်များအပေါ် တက်ရောက်လာသည့် ဂျီအမ်အက်စ်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အကြံပြုဆွေးနွေးခဲ့ကြသည်။



(၂၇)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများမျက်နှာစုံညီအစည်းအဝေးကို အိမ်ရှင်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ သီဟာသက် ဖူးအန်းကက်တေးကောက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်၊ အရှေ့အာရှ အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ မစ္စတာ စခေါ့တ် မောရစ်က တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ (၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများမျက်နှာစုံညီအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ ဂျီအမ်အက်စ်ဝန်ကြီးက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ပြီး အခြားအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံညွှန်ကြားရေးမှူးများ၊ အဆင့်မြင့်အရာရှိများ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

(၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများအဖြစ် နိုဝင်ဘာလ ၂၆ ရက်တွင် အဆင့်မြင့်အရာရှိများအစည်းအဝေးနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအစည်းအဝေး၊ နိုဝင်ဘာလ ၂၇ ရက်တွင်ဒေသန္တရအစိုးရများဖိုရမ်နှင့် ဂျီအမ်အက်စ်စီးပွားရေးဖိုရမ်သို့ ဂျီအမ်အက်စ် နိုင်ငံဆိုင်ရာညှိနှိုင်းရေးမှူးဖြစ်သူ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Greater Mekong Subregion – GMS Economic Cooperation Program) ကို ၁၉၉၂ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ရာ ဆယ်စုနှစ်သုံးခုကျော် အောင်မြင်စွာ ရပ်တည်လျက်ရှိသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြစ်ပြီး မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဂျီအမ်အက်စ်အစီအစဉ်အရ ဝန်ကြီးအဆင့်အစည်းအဝေးများကို တစ်နှစ်လျှင်တစ်ကြိမ် အဖွဲ့ဝင်ခြောက်နိုင်ငံမှ အက္ခရာစဉ်အလိုက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် (၂၆) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအစည်းအဝေးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အိမ်ရှင်အဖြစ် နေပြည်တော်၌ လက်ခံကျင်းပခဲ့သည်။ ယခုနှစ်အစည်းအဝေးတွင် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဂျီအမ်အက်စ် မဟာဗျူဟာ၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှုမူဘောင် (၂၀၂၆-၂၀၂၈) တို့ကိုအတည်ပြုခဲ့ပြီး (၂၇) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

**မြဝတီ**

# (၉၃) ကြိမ်မြောက် အင်တာပိုလ်အထွေထွေညီလာခံ (93rd INTERPOL General Assembly) သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၂၉

မော်ရိုကိုနိုင်ငံ မာရကက်ရှ်မြို့၌ နိုဝင်ဘာလ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပသော (၉၃)ကြိမ်မြောက် အင်တာပိုလ်အထွေထွေညီလာခံ(93rd INTERPOL General Assembly) သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

နိုဝင်ဘာလ ၂၄ ရက်နံနက်ပိုင်း ညီလာခံဖွင့်ပွဲအခမ်းအနားတွင် မော်ရိုကိုနိုင်ငံ အမျိုးသားလုံခြုံရေးနှင့် နယ်မြေစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် Mr. Abdellatif Hammou chi နှင့် အင်တာပိုလ်ဥက္ကဋ္ဌ ဗိုလ်ချုပ် Ahmed Naser Al-Raisi တို့က အဖွင့်အမှာစကားပြောကြားပြီး အင်တာပိုလ်အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူအဖွဲ့အစည်း စုစုပေါင်း ၁၈၁ နိုင်ငံ/အဖွဲ့တို့မှ ရဲချုပ်များ၊ ဒုတိယရဲချုပ်များ၊ National Central Bureau (NCB) အကြီးအကဲများ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအပါအဝင် ကိုယ်စားလှယ် စုစုပေါင်း ၈၀၀ ခန့် တက်ရောက်ကြသည်။

ညီလာခံကို အင်တာပိုလ်ဥက္ကဋ္ဌ ဗိုလ်ချုပ် Ahmed Naser Al-Raisi နှင့် အင်တာပိုလ်အထွေထွေအတွင်းရေးမှူးချုပ် Mr. Valdecy Urquiza တို့က ဦးဆောင်၍ကျင်းပခဲ့ပြီး အင်တာပိုလ်၏ အထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များဆိုင်ရာ အထွေထွေသဘောတူညီချက်(General Agreement on the Privileges and Immunities of the ICPO-INTERPOL) ကို အတည်ပြုခဲ့ကြကာ အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန်(Signing)၊ အတည်ပြုဝင်ရောက်ရန်(Ratification)နှင့် ပူးပေါင်းပါဝင်ရန် (Accession) အဖွဲ့ဝင်နိုင်ငံအားလုံးကို တောင်းဆိုခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာစနစ်များအသုံးပြုကျူးလွန်သော ရာဇဝတ်မှုများတိုက်ဖျက်ရေးနှင့် အီလက်ထရွန်နစ်သက်သေအထောက်အထားများမျှဝေရေးတို့အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရန်ရည်ရွယ်သည့် ကုလသမဂ္ဂ ဆိုက်ဘာရာဇဝတ်မှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း(United Nations Convention against Cybercrime) ကို ကုလသမဂ္ဂ အထွေထွေညီလာခံက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် အတည်ပြုခဲ့ပြီးဖြစ်သဖြင့် အဆိုပါ ကွန်ဗင်းရှင်းအား သက်ဆိုင်ရာနိုင်ငံဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်မှတ်ရေးထိုးရန်၊ အတည်ပြုရန် အားပေးတိုက်တွန်းခြင်းနှင့် ကုလသမဂ္ဂ၌ အင်တာပိုလ်၏အခန်းကဏ္ဍကိုမြှင့်တင်ရန်အတွက် National Central Bureau များနှင့် ၎င်းတို့၏အဖွဲ့ဝင်နိုင်ငံများ၏ကိုယ်စားလှယ်များအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် တရားဥပဒေစိုးမိုးရေးအတွက် ယုံကြည်စိတ်ချရသော ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက် ဗဟိုချက်ဖြစ်လာစေရန်၊ ကမ္ဘာ့အဆင့်မီစုံစမ်းစစ်ဆေးရေးနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအထောက်အပံ့များပေးအပ်ရန်၊ ကမ္ဘာတစ်ဝန်းတရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် ဦးဆောင်မှုအခန်းကဏ္ဍမှပါဝင်နိုင်ရန်၊ အင်တာပိုလ်၏ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးတည်ငြိမ်မှု၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့်ကျင့်ဝတ်စံနှုန်းများ အမြင့်ဆုံးတွင်ရှိနေစေရန်စသည့် ရည်မှန်းချက် (၄) ရပ် ပြဋ္ဌာန်းထားသော အင်တာပိုလ်၏ မဟာဗျူဟာမူဘောင် (၂၀၂၆-၂၀၃၀) (Strategic Framework 2026-2030) ကိုအတည်ပြုခြင်း၊ ဒေသဆိုင်ရာညီလာခံများ(Regional Conferences)တွင် အင်တာပိုလ်ဒေသအတွင်းရှိ အဖွဲ့ဝင်နိုင်ငံအားလုံးပါဝင်နိုင်ရန်နှင့် ဒေသဆိုင်ရာညီလာခံများ၌ အင်တာပိုလ်၏လုပ်ပိုင်ခွင့်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များအားလုံး ဆွေးနွေးနိုင်ရေး ဖိုရမ်တစ်ခုပံ့ပိုးပေးရန် ဆုံးဖြတ်ခြင်း၊ ဒေတာများစီမံဆောင်ရွက်ခြင်းဆိုင်ရာကော်မတီ(Committee on the Processing of Data)သည် အင်တာပိုလ်သတင်းအချက်အလက်စနစ်မှတစ်ဆင့် ဒေတာများ စီမံဆောင်ရွက်ခြင်းဆိုင်ရာ ဥပဒေမူဘောင်နှင့် ဒေတာများစီမံဆောင်ရွက်ခြင်းဆိုင်ရာ ကြီးကြပ်မှုယန္တရားများအပေါ်ပြန်လည်သုံးသပ်ပြီး အကြံပြုချက်များပေးရန်ဆုံးဖြတ်ခြင်း၊ ၂၀၂၄ ခုနှစ်အတွက် နှစ်ပတ်လည်ဘဏ္ဍာရေးအစီရင်ခံစာနှင့်ဘဏ္ဍာရေးရှင်းတမ်းများအတည်ပြုခြင်း၊ ၂၀၂၆-၂၀၂၈ ခုနှစ်ကာလအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေအရ မဖြစ်မနေထည့်ဝင်ရမည့် နှစ်စဉ်ကြေးငွေနှုန်းထားစနစ်အသစ် (new statutory contributions scale for the period 2026-2028)ကို အတည်ပြုခြင်း၊ အင်တာပိုလ်၏ ၂၀၂၆ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များ၊ ဘတ်ဂျက်မူကြမ်းနှင့် ၂၀၂၇-၂၀၂၈ ခုနှစ်အတွက် ဘဏ္ဍာရေး ကြိုတင်ခန့်မှန်းချက်များကို အတည်ပြုခြင်းတို့ကိုဆောင်ရွက်၍ ညီလာခံဆုံးဖြတ်ချက်များအဖြစ် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ဒီဇင်ဘာလကုန်တွင် သက်တမ်းပြည့်မြောက်မည့် အင်တာပိုလ် အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ရာထူးနေရာအတွက် ဝင်ရောက်လျှောက်ထားသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မော်ရိုကိုနိုင်ငံ မာရကက်ရှ်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် နိုဝင်ဘာလ ၂၉ ရက် ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။


**မြဝတီ**

# မည်သည့်အခါမျှ ယိမ်းယိုင်မသွားမယ့် မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့ကြားက ချစ်ကြည်ရေးတံတား

ထက်မြတ်

**၂၀၂၅ခုနှစ်၏ဆောင်းဦးကာလနိုဝင်ဘာလရက်မြတ်များသည်မြန်မာ့မြေပေါ်တွင်သာမန်ရက်များထက်ပိုမိုထူးခြားမှုရှိသောအဓိပ္ပာယ်များကိုဆောင်ကြဉ်းလာခဲ့သည်။ဥရောပဒေသအရှေ့ပိုင်းမှ အအေးဓာတ်လွှမ်းခြုံနေသော ဘယ်လာရုစ်နိုင်ငံနှင့် အာရှတိုက်အရှေ့တောင်ပိုင်းရှိ နွေးထွေးသော နေရောင်ခြည်ရရှိသည့် မြန်မာနိုင်ငံတို့အကြားတွင် ပထဝီဝင်အနေအထားအရ မိုင်ပေါင်းထောင်ချီကွာဝေးနေသော်လည်း ထိုအကွာအဝေးသည် စစ်မှန်သောမိတ်ဆွေတို့၏ ခြေလှမ်းများကိုရပ်တန့်တားဆီးနိုင်ခြင်းမရှိခဲ့ပေ။ ဘယ်လာရုစ်သမ္မတ မစ္စတာအလက်ဇန္ဒားလူကာရှန်ကို၏ မြန်မာနိုင်ငံသို့ခရီးစဉ်သည် သာမန်သံတမန်ရေးရာ ခရီးစဉ်တစ်ခုမျှသာမဟုတ်ဘဲ ဖေးမကူညီတတ်သည့် မိတ်ဆွေစစ်တို့၏ "သမိုင်းဝင် ကတိကဝတ်" တစ်ခုဟု တင်စားရမည်ဖြစ်သည်။**

နိုဝင်ဘာလ ၂၈ ရက်တွင် မြန်မာနိုင်ငံ၏မြို့တော်ဖြစ်သော နေပြည်တော်၏ကောင်းကင်ယံသည် တိမ်ရောင်များကင်းစင်ကြည်လင်တောက်ပနေပြီး ဖြည်းညင်းစွာတိုက်ခတ်လာနေသောလေပြည်အေးတို့က ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး၏ ခရီးစဉ်ကို ကြိုဆိုနေသကဲ့သို့ရှိသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာအလက်ဇန္ဒားလူကာရှန်ကိုတို့၏ တွေ့ဆုံမှုမြင်ကွင်းသည် အပြင်ဘက်တွင် ခမ်းနားထည်ဝါမှုတို့ဖြင့် ပြည့်နှက်နေသည့်အပြင် နောက်ကွယ်တွင်လည်း နှစ်နိုင်ငံကြား "ပိုမိုနက်ရှိုင်းသော ရင်းနှီးကျွမ်းဝင်မှု" ဟူသည့် အနှစ်သာရကို ဖော်ကျူးနေသည်။



နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏ လက်ဆွဲနှုတ်ဆက်မှုသည် နိုင်ငံနှစ်ခု၏ခေါင်းဆောင်များကြား တွေ့ဆုံခြင်းဆိုသည်ထက် နှစ်ပေါင်းများစွာစောင့်မျှော်ခဲ့ရသော မိတ်ဆွေဟောင်းကြီးများ ပြန်လည်ဆုံတွေ့ကြသည့် နွေးထွေးလှိုက်လှဲမှုရှိလှသည်။ ဂုဏ်ပြုတပ်ဖွဲ့များ၏လှုပ်ရှားမှုများ၊ ဂုဏ်ပြုသည့်အနေဖြင့် ပစ်ဖောက်လိုက်သော အမြောက်ပစ်ခတ်သံများသည် နိုင်ငံတော်အဆင့်အခမ်းအနား၏ သင်္ကေတများ ဖြစ်သကဲ့သို့ ခေါင်းဆောင်နှစ်ဦး၏ မျက်ဝန်းတွင်လည်း "ယုံကြည်မှု" ဟူသော စကားလုံးဖြင့် ဖော်ကျူးနိုင်မည့် အရိပ်အယောင်များကို ထင်ရှားစွာမြင်တွေ့နေရသည်။

ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် သမ္မတလူကာရှန်ကိုတို့၏တွေ့ဆုံမှုသည် ရင်းနှီးမှုရှိသော၊ ပွင့်လင်းမြင်သာမှုရှိသော မိသားစုဝင်များတွေ့ဆုံခြင်းနှယ် နွေးထွေးမှုအပြည့်ရှိခဲ့သည်။ ၎င်းတို့နှစ်ဦး၏လက်ဆွဲနှုတ်ဆက်မှုတွင် မိုင်ပေါင်းများစွာဖြတ်သန်းလာခဲ့ရသော မိတ်ဆွေတစ်ဦးကို ကျေးဇူးတင်ခြင်း၊ နှစ်နိုင်ငံအနာဂတ်အတွက် စိတ်တူကိုယ်တူပူးပေါင်းဆောင်ရွက်ရန် ကတိပြုခြင်းဟူသော ယုံကြည်မှုများပါဝင်နေသည်။ ခေါင်းဆောင်နှစ်ဦးကြား အပြန်အလှန်ဆွေးနွေးမှုများက နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုခိုင်မာစေရေးနှင့် ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်မြင့်မားစေရေးကိစ္စရပ်များသာဖြစ်သည်။

ပထဝီဝင်အနေအထားအရ အလှမ်းဝေးကွာလွန်းလှသော မြန်မာနိုင်ငံနှင့်ဘယ်လာရုစ်နိုင်ငံတို့ကြားတွင်ဖြစ်ပေါ်လာသည့် ချစ်ကြည်ရင်းနှီးမှု၏ အရင်းခံအင်အားသည် ပထဝီနိုင်ငံရေးအရတူညီမှုအပေါ်တွင် တည်ရှိနေသည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အနေဖြင့်လက်ခံထားသော အတွေ့အကြုံချင်းတူညီမှုက နှစ်နိုင်ငံမှခေါင်းဆောင်နှစ်ဦးအား ပိုမိုနက်ရှိုင်းသောရင်းနှီးချစ်ကြည်မှုတစ်ခုကိုတည်ဆောက်ပေးခဲ့သည်။

"စစ်မှန်သော မိတ်ဆွေဟူသည် မိမိ၏အခက်အခဲကို ကိုယ်ချင်းစာနိုင်သူသာဖြစ်သည်" ဟူသော ဒဿနအရ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ်ထားရှိသည့် သဘောထားသည် နိုင်ငံရေးအရအကျိုးအမြတ်သက်သက်အတွက်မဟုတ်ဘဲ "အချုပ်အခြာအာဏာပိုင်ဆိုင်မှုအတွက် ရပ်တည်လျက်ရှိသော မဟာမိတ်" အဖြစ် အသိအမှတ်ပြုခြင်းပင်ဖြစ်သည်။ ဤသို့ကိုယ်ချင်းစာတရားအပေါ် အခြေခံသော ချစ်ကြည်ရေးသည် တိမ်တိုက်ပေါ်၌ တည်ဆောက်ထားသော ဆက်ဆံရေးမျိုးမဟုတ်ဘဲ မည်သည့်မုန်တိုင်းဒဏ်ကိုမဆို ခံနိုင်ရည်ရှိသော ကျောက်တိုင်ကြီးသဖွယ် ခိုင်ခံ့စေမည်မှာ ဧကန်ပင်ဖြစ်သည်။



ဘယ်လာရုစ်သမ္မတ၏ မြန်မာနိုင်ငံသို့ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့ကြသော နားလည်မှုစာချွန်လွှာများနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) တို့သည် စာရွက်ပေါ်တွင်သာရှိနေသည့် စကားလုံးများသက်သက်မဟုတ်ဘဲ နှစ်နိုင်ငံပြည်သူများ၏ အနာဂတ်အတွက် မျှော်လင့်ချက်အလင်းတန်းကို ဆောင်ကြဉ်းပေးမည့် လက်တွေ့ကျသော စီမံကိန်းများပင်ဖြစ်သည်ဟု အခိုင်အမာဆိုချင်ပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးနိုင်ငံဖြစ်သည်။ ဘယ်လာရုစ်နိုင်ငံသည် စက်မှုလုပ်ငန်းကိုအခြေခံသော စီးပွားရေးနိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးတွင် ခေတ်မီစက်ပစ္စည်းများကို အသုံးပြုနိုင်ပါက စက်မှုလယ်ယာစနစ်သို့ကူးပြောင်းလာနေသည့် မြန်မာနိုင်ငံအတွက် ကောင်းကျိုးများစွာရရှိစေမည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ၌ ခေတ်မီစက်ယန္တရားကိရိယာများ လိုအပ်နေချိန် ဘယ်လာရုစ်နိုင်ငံ၏ နာမည်ကျော်ထွန်စက်များနှင့် စိုက်ပျိုးရေးသုံးစက်ပစ္စည်းများက မြန်မာနိုင်ငံအတွက် အလွန်အမင်း အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ယင်းကြောင့်ပင် မြန်မာ့မြေ၏ ရေမြေသဘာဝနှင့် ကိုက်ညီသော စက်ပစ္စည်းများကိုပူးပေါင်း၍ တီထွင်ထုတ်လုပ်ရန်လည်းသဘောတူခဲ့ကြသည်။ ထိုကဲ့သို့ နှစ်နိုင်ငံကြားပူးပေါင်းဖန်တီးမည့် စက်ပစ္စည်းများသည် မြန်မာ့တောင်သူများ၏ ဘဝနှင့် စားနပ်ရိက္ခာဖူလုံရေးကိုတိုးတက်စေမည့် အိပ်မက်ကိုအကောင်အထည်ဖော်ပေးနေခြင်းဖြစ်သည်။ ထိုစက်ပစ္စည်းများကို လယ်ကွင်းများပေါ်တွင် မောင်းနှင်လိုက်သည့်အခါ ချစ်ကြည်ရေး၏ အသီးအပွင့်များကို ရိတ်သိမ်းပေးမည့် နည်းပညာ၏ကဗျာဆန်မှုပင်ဖြစ်လာပေမည်ဖြစ်သည်။

နှစ်နိုင်ငံကြားကုန်သွယ်ရေးသည်လည်း ချစ်ကြည်ရင်းနှီးမှုကိုအခြေခံကာ ပိုမိုတိုးတက်လာမည့်အရိပ်အယောင်များမြင်တွေ့နေရသည်။ ထိုကဲ့သို့ကုန်သွယ်ရေးကိုမြှင့်တင်နိုင်ရေးအတွက် လက်မှတ်ရေးထိုးခဲ့ကြသော အကောက်ခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများနှင့် အခြားသောသဘောတူညီချက်များကလည်း နှစ်နိုင်ငံစီးပွားရေးသမားများအတွက် လမ်းခင်းပေးလိုက်ခြင်းဖြစ်သည်။ ဘယ်လာရုစ်သမ္မတကလည်း မြန်မာနိုင်ငံတွင် ကုမ္ပဏီများပူးတွဲတည်ထောင်ခြင်းကိုလည်း လုပ်သွားဖို့ဆန္ဒရှိနေသည်ဟုဆိုသည်။ ဒါဟာ မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုကိုရရှိခြင်းသာမက နှစ်နိုင်ငံစလုံးအတွက် အကျိုးအမြတ်ရှိစေမည့် လုပ်ငန်းများဖြစ်လာမည်ဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ကိုပါ ချုပ်ဆိုနိုင်ခဲ့ခြင်းက နှစ်နိုင်ငံကြားရှိ တာဝန်ရှိသူများကြားသာမက ပြည်သူများအချင်းချင်း ဆက်သွယ်မှုများကိုပိုမိုမြန်ဆန်ချောမွေ့စေမည့်အပြင် ယင်းမှတစ်ဆင့် နှစ်နိုင်ငံကြားယဉ်ကျေးမှုကိုလည်း ဖလှယ်မှုပြုနိုင်စေမည့် တံခါးကြီးတစ်ချပ်ကိုဖွင့်လှစ်ပေးလိုက်နိုင်ခြင်းဖြစ်သည်။

မိုင်ပေါင်းထောင်ချီဝေးကွာနေသော နှစ်နိုင်ငံမှ ခေါင်းဆောင်များကြားတွေ့ဆုံမှုတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာများက လူ့စွမ်းအားအရင်းအမြစ်လိုအပ်နေသော မြန်မာနိုင်ငံကြီးအတွက် အချိုရှာ သကာတွေ့ဆိုသလိုပင်ဖြစ်မည်ထင်သည်။ အဘယ်ကြောင့်ဆိုသော် နှင်းခဲနေသော ဘယ်လာရုစ်နိုင်ငံရှိ သိပ္ပံနှင့်နည်းပညာကဏ္ဍမှ ရရှိလာမည့် အသိပညာဗဟုသုတများက မြန်မာနိုင်ငံ၏ ခေတ်မီတိုးတက်ရေးကို အရှိန်မြှင့်တင်ပေးမည့် ကြီးမားသောစွမ်းအားများဖြစ်လာနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။

**စာမျက်နှာ ၁၂ သို့**



○ စာမျက်နှာ ၁၁ မှအဆက်

နိုင်ငံရေးအရကြည့်မည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်နေသည့်အပြင် သာမက BRICS အဖွဲ့ဝင်နိုင်ငံ ဖြစ်လာစေရေး၊ ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU)အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေးတို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုအဖွဲ့များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ခွင့်ရရှိပါက မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အားဖြစ်လာစေမည်ဖြစ်သည်။ ထိုအချိန်တွင် ဘယ်လာရုစ်နိုင်ငံက မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမျက်နှာစာများ၊ အဖွဲ့အစည်းများအကြားတွင် အမြဲတမ်းထောက်ခံရပ်တည်ပေးသွားမည်ဟု မစ္စတာလူကာရှန်ကိုက ပြောခဲ့သေးသည်။

ထို့ပြင် မကြာမီအချိန်တွင်မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပတော့မည်ဖြစ်ပြီး ထိုရွေးကောက်ပွဲကို ဘယ်လာရုစ်နိုင်ငံက ထောက်ခံသကဲ့သို့ ရွေးကောက်ပွဲသို့စောင့်ကြည့်ရေးအဖွဲ့များကိုလည်း စေလွှတ်သွားမည်ဖြစ်ကြောင်း ဘယ်လာရုစ်သမ္မတကထပ်လောင်းပြောခဲ့သေးသည်။ ယင်းကဲ့သို့ အသိအမှတ်ပြုမှုများ၊ ပြောဆိုမှုများက မြန်မာနိုင်ငံ၏ အခြေအနေနှင့်လိုက်လျောညီထွေမှုရှိသော နိုင်ငံရေးကိုဖော်ဆောင်မှုတွင် ဘယ်လာရုစ်နိုင်ငံ၏ထောက်ခံအားပေးမှုများကို ရရှိခြင်းပင်ဖြစ်သည့်အတွက် မြန်မာနိုင်ငံနှင့်ဘယ်လာရုစ်နိုင်ငံတို့ကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေမည်မှာ အမှန်ပင်ဖြစ်သည်။

**ယခုကဲ့သို့အခါသမယတွင် ပေါ်ထွက်လာသည့် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုသည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံအတွက်ရပ်တည်ပေးမည့် ခိုင်မာသောမဟာမိတ်တစ်ဦးရရှိခဲ့ပြီဖြစ်ကြောင်းကို ပြသလိုက်ခြင်းပင်ဖြစ်၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)က လက်တွေ့အကောင်အထည်ပေါ်လာချိန်တွင် မြန်မာနှင့်ဘယ်လာရုစ်နှစ်နိုင်ငံတို့ကြား ချစ်ကြည်ရေးအလင်းတန်းများသည် အမှောင်ထုကြားမှ ထင်ရှားစွာတောက်ပနေမည်ဖြစ်. . .**

ဘယ်လာရုစ်သမ္မတ၏ ခရီးစဉ်သည် ခေတ္တခဏလာရောက်လည်ပတ်ခြင်းသက်သက်ဖြင့် အဆုံးသတ်သွားခြင်းမရှိဘဲ နှစ်နိုင်ငံအကြား "သွေးသားရင်းချာသဖွယ်" ခိုင်မြဲသော ဆက်ဆံရေး၏ အုတ်မြစ်ကို ချပေးလိုက်ခြင်းလည်းဖြစ်သည်။ ယခုကဲ့သို့သမိုင်းဝင်တွေ့ဆုံမှု၏ ချစ်ကြည်ရေးရနံ့များက နေပြည်တော်မှသည် မင့်စ်မြို့အထိပျံ့နှံ့နေမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ၏ ဘဝများကိုနွေးထွေးမှုနှင့် မျှော်လင့်ချက်များစွာပေးစွမ်းသွားခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ယခုကဲ့သို့အခါသမယတွင် ပေါ်ထွက်လာသည့် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုသည် ကမ္ဘာ့အလယ်တွင်မြန်မာနိုင်ငံအတွက်ရပ်တည်ပေးမည့် ခိုင်မာသောမဟာမိတ်တစ်ဦးရရှိခဲ့ပြီဖြစ်ကြောင်းကို ပြသလိုက်ခြင်းပင်ဖြစ်သည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)က လက်တွေ့အကောင်အထည်ပေါ်လာချိန်တွင် မြန်မာနှင့် ဘယ်လာရုစ်နှစ်နိုင်ငံတို့ကြား ချစ်ကြည်ရေးအလင်းတန်းများသည် အမှောင်ထုကြားမှ ထင်ရှားစွာတောက်ပနေမည်ဖြစ်သည်။

နေဝင်ချိန်တွင် နေပြည်တော်၏ မိုးကုပ်စက်ဝိုင်းသည် ရွှေရောင်တောက်ပလျက်ရှိသည်။ ဘယ်လာရုစ်သမ္မတ၏ ခရီးစဉ်ပြီးဆုံး၍ ပြန်လည်ထွက်ခွာသွားသည့်တိုင် သူထားရစ်ခဲ့သော ချစ်ကြည်ရေးရနံ့များကမူ မြန်မာ့မြေတွင် သင်းပျံ့ကျန်ရစ်နေမည်ဖြစ်သည်။ "အဆွေခင်ပွန်းကောင်းဟူသည် ခရီးဝေးခြင်း၊ နီးခြင်းနှင့်မသက်ဆိုင်၊ စိတ်ထားခြင်းတူမျှခြင်းသာလိုရင်းဖြစ်သည်" ဟူသော စကားကို ဤခရီးစဉ်က သက်သေထူလိုက်ခြင်းဖြစ်သည်။ အရှေ့ဥရောပ၏ နှင်းပွင့်များနှင့် မြန်မာပြည်၏ ပိတောက်မြေတို့အကြား တည်ဆောက်လိုက်သော ဤချစ်ကြည်ရေးတံတားကြီးသည် မည်သို့သောအခါမျှ ယိမ်းယိုင်သွားမည်မဟုတ်ဘဲ ခေတ်အဆက်ဆက်ခိုင်မြဲနေမည့် "သွေးချင်းရင်းချာသဖွယ်" ဆက်ဆံရေးအဖြစ် သမိုင်းတွင်ကျန်ရစ်နေမည်မှာ အသေအချာပင်ဖြစ်တော့သည်။ ။



# ဒေသဖွံ့ဖြိုးရေးနှင့်စိုက်ပျိုးရေးဆိုင်ရာများ ကွင်းဆင်းစစ်ဆေး



**သုံးဆယ် နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းက သုံးဆယ်မြို့ ဗေဒင်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒုတိယအကြိမ် မဲစာရင်းထုတ်ပြန်ကြေညာထားမှုအား ပြည်သူများစိတ်ဝင်တစား လာရောက်ကြည့်ရှုနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး မဲစာရင်းလာရောက်ကြည့်ရှုကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇီးကုန်းဈေးအတွင်းရှိ ယခင်ပျံ့ကျသားငါးဈေးရုံအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၅ ဒသမ ၂ သန်းဖြင့် အရှည် ၉၆ ပေ၊ အကျယ်ပေ ၄၀၊ အမြင့် ၁၂ ပေရှိသည့် ဆိုင်ခန်း ၉၀ ခန်းပါ ဈေးရုံအသစ်တည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဈေးရုံများအလိုက် သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းအချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက်ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သဲကုန်းမြို့နယ် အင်းမမြို့ မြို့လယ်ဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိစေရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရွှေတောင်မြို့နယ် နွားမယံကျေးရွာအုပ်စု၌ စမ်းသပ်စိုက်ပျိုးထားသည့် တန်ဖိုးမြင့်စပါးမျိုး ရေဆင်းပေါ်ဆန်း(၁)နှင့် ရေဆင်းပေါ်ဆန်း(၂) ရိတ်သိမ်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။ အဆိုပါ ပေါ်ဆန်းစပါးရိတ်သိမ်းရာတွင် တစ်ဧကလျှင် သန့်စင်ပြီးပေါ်ဆန်းစပါးမျိုး ၈၄ တင်းခန့် ထွက်ရှိကြောင်း သိရသည်။ (၄၀၁)

# ရန်ကုန်နှင့် ဒလမြို့တို့ကိုဆက်သွယ်ထားသည့် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည်အမြဲတမ်းအတွင်းဝန်နှင့်ဦးစီးဌာနများမှညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့တွင် ရန်ကုန်မြို့နှင့် ဒလမြို့တို့ကို ဆက်သွယ်တည်ဆောက်နေသော မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရန်ကုန်ဘက်ကမ်းချဉ်းကပ်တံတားဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ပင်မတံတား၌ ကြိုး Cable တွင် ကြိုးထိန်းဒဏ်ခံကိရိယာများ တပ်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဒလဘက်ကမ်း ချဉ်းကပ်တံတားဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရန်ကုန်ဘက်ကမ်းရှိ Ramp B နှင့် Ramp A တို့ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ တံတားလက်ရန်းများဆောင်ရွက်နေသည့်အခြေအနေများ၊ တံတားအောက်ရှိလမ်းနှင့် ရေမြောင်းလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တံတားစီမံကိန်းဆိုင်ရာအချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ အချောသပ်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့နှင့်ပေါင်းစပ်ဆောင်ရွက်ရမည့်အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ချဉ်းကပ်တံတားများနှင့် ပင်မတံတားပေါ်တွင် ကတ္တရာကွန်ကရစ် (AC) ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေ၊ လမ်းညွှန်အမှတ်အသားများဆောင်ရွက်မည့်အခြေအနေ၊ အဆောက်အဦဦးစီးဌာနမှ အင်ဂျင်နီယာချုပ်က ဒလဘက်ခြမ်းတွင် Toll Plaza နှင့် Administrative Office တည်ဆောက်နေမှုအခြေအနေ၊ ယာဉ်များအဆင်ပြေစွာသွားလာနိုင်ရေးနှင့် ငွေကောက်ခံမှုစနစ် ဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တံတားအတက် / အဆင်းနှင့် တံတားပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်လမ်းကြောင်းပြ လမ်းညွှန်အမှတ်အသားများ၊ Road Sign များတပ်ဆင်ခြင်းနှင့် ဆေးလိုင်းများရေးဆွဲရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်ထားသောသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်၊ ယာဉ်ကြောပေါင်းဆက်ရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ငန်းစဉ်များအလိုက် လျာထားသတ်မှတ်ချိန်ထက် ဆောလျင်စွာပြီးစီးရေး အလေးထားဆောင်ရွက်ရန်၊ သံမဏိကြိုးထိန်းတိုင် (Pylon) များတွင် လေကြောင်းအချက်ပြမီးများနှင့် မိုးကြိုးလွှဲများတပ်ဆင်ရန်၊ ညအချိန်သင်္ဘောများအန္တရာယ်ကင်းရှင်းအောင် သွားလာနိုင်ရန်အတွက် ရေကြောင်းလမ်းပြမီးများကို သတ်မှတ်ချက်အတိုင်း တပ်ဆင်ဆောင်ရွက်ရန်၊ ဒလမြို့ရေချိုရရှိစေရေးအတွက် တံတား၏တစ်ဖက်တစ်ချက်တွင်ထည့်သွင်းဆောင်ရွက်နေသော အချင်း သုည ဒသမ ၅ မီတာရှိသော ရေပိုက်နှစ်လုံးသွယ်တန်းပေးခြင်းအား စနစ်တကျဆောင်ရွက်ပေးရန်၊ တံတား၏ အချောသပ်လုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံနှုန်းအတိုင်း ကိုက်ညီအောင်ကြပ်မတ်ဆောင်ရွက်ရန်နှင့် တံတားတိုင်(Pier)များရေယာဉ်များကြောင့် ထိခိုက်ပျက်စီးမှုမှ ကြိုတင်ကာကွယ်ရန်၊ ပင်လယ်ကူးသင်္ဘောကြီးများဖြတ်သန်းခုတ်မောင်းနိုင်သော တံတားအမြင့်များသည် နိုင်ငံတကာတွင် အများအပြားအသုံးပြုလျက်ရှိသော်လည်း မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ) တံတားသည် ပင်လယ်ကူးသင်္ဘောများဖြတ်ကူးသည့် မြန်မာနိုင်ငံ၏ပထမဆုံး တံတားအမြင့်ဖြစ်ပြီး တံတားအချို့နေရာများတွင် လမ်းအနိမ့်အမြင့် Gradient မတ်စောက်သောကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ခွင့်ပြုမည့်ယာဉ်အမျိုးအစားကန့်သတ်ခြင်း၊ မောင်းနှင်ခွင့်ပြုသည့် အရှိန်နှုန်းအားကန့်သတ်ခြင်းနှင့် အရှိန်ထိန်းစနစ် Speed Bump များ ထည့်သွင်းဆောင်ရွက်ခြင်းတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဖြင့်ဆွေးနွေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယာဉ်နှင့်ယာဉ်မောင်းသူတို့၏အားနည်းချက်ကြောင့် အန္တရာယ်မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် လိုအပ်သော စည်းမျဉ်းသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်းတို့ကို မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၏ ရန်ကုန်ဘက်ခြမ်းရှိဘုန်းကြီးလမ်းတစ်လျှောက်ချဉ်းကပ်တံတားတစ်ဖက်တစ်ချက်တွင် ပတ်ဝန်းကျင်လူနေအိမ်ရာများအတွက် မော်တော်ယာဉ်သွားလာမှုကြောင့် ဆူညံသံများ အနှောင့်အယှက်မဖြစ်စေရေး အသံထိန်းနံရံများ (Noise Barrier) တပ်ဆင်ပြီးစီးမှုအခြေအနေ၊ ချဉ်းကပ်တံတားများပေါ်တွင် ကတ္တရာကွန်ကရစ်(AC)ခင်းပြီးမှုအခြေအနေ၊ ပင်မတံတားပေါ်တွင် Barrier များတည်ဆောက်နေမှု၊ ရေလုံဆေးလုပ်ငန်းများဆောင်ရွက်နေမှု၊ လက်ရန်းများတပ်ဆင်နေမှုနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ ဒလဘက်ကမ်းတွင် ဆောင်ရွက်နေသော တံတားအသုံးပြုခကောက်ခံရေးစခန်း Toll Plaza နှင့် Administrative Office တည်ဆောက်နေမှုအခြေအနေနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေးအဆောက်အဦတည်ဆောက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မြန်မာ – ကိုရီးယားချစ်ကြည်ရေး(ဒလ) တံတားကြီးသည် မကြာမီပြီးစီးတော့မည်ဖြစ်၍ ပြည်သူများသွားလာရေးလွယ်ကူအဆင်ပြေစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် အချောသပ်လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသောအဖွဲ့မှ Consultant အင်ဂျင်နီယာပညာရှင်များဖြင့် လုပ်ငန်းများစံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြဝတီ

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မဲစာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာထားရှိမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည်နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် ခုတင်(၅၀)ပြည်သူ့ဆေးရုံနှင့် လယ်ဝေးမြို့နယ် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံဝန်းကျင် သန့်ရှင်းသာယာလှပရေး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ချုံနွယ်များရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်နေမှုနှင့် ဆန်၊ ဆီ၊ အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက်လယ်ဝေးမြို့နယ်ကွင်းအမှတ် (၁၈၁၁) တောင်သူဦးမင်းမင်း၏ မိုးစပါးစိုက်ခင်း၌ ကျင်းပသည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်ပြီး လိုအပ်သည်များမှာကြား၍ ဆင်းသုခစပါးမျိုး မိုးစပါးစိုက်ခင်းတွင် မိုးစပါးစံကွက်ရိတ်သိမ်းခြင်း၊ စပါးချိန်တွယ်ခြင်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာအနီး H-1 လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းများအမြန်ပြီးစီးအောင် လူအင်အား၊ စက်ယန္တရားအင်အားတိုးမြှင့်ဆောင်ရွက်ရေး၊ ငလျင်ဘေးအပါအဝင် သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိစေရန် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ကံဦးကျေးရွာ ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ အခြေခံမဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာထားရှိမှု၊ ဒေသခံပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုရာတွင် လွယ်ကူအဆင်ပြေစေရေး ကူညီဆောင်ရွက်ပေးနေမှု၊ မဲစာရင်းတွင် မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့် အမည်ထည့်သွင်းတောင်းဆိုနိုင်ရေး၊ မဲစာရင်းတွင် မပါဝင်သင့်သူများတွေ့ရှိပါက ပုံစံ(၄)ဖြင့်ကန့်ကွက်နိုင်ရေး၊ မဲစာရင်းပါ အချက်အလက်များမှားယွင်းနေပါက ပုံစံ (၄-ဈ)ဖြင့် ပြင်ဆင်လွှာတင်သွင်းနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲစာရင်းလာရောက်ကြည့်ရှုရေး တိုက်တွန်းနှိုးဆော်ကြရန်၊ မဲစာရင်းလာရောက်ကြည့်ရှုသူများ စိတ်အေးချမ်းသာစွာ ကြည့်ရှုနိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ဒက္ခိဏ)


**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဒြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပေါ်ဆန်းစပါးကို ညအချိန် အလင်းရောင်ပေးခြင်း(Night-Break) နည်းပညာဖြင့် စိုက်ပျိုးနိုင်ရန်စမ်းသပ်သုတေသနပြု



**နေပြည်တော် နိုဝင်ဘာ ၂၉**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲ စပါးသုတေသနဗဟိုဌာန စိုက်ကွင်း၌ ရာသီပေါ်ဆန်းစပါးပျိုးခင်း အသက်ခုနစ်ရက်သားမှ ၂၅ ရက်သား အတွင်း ညအချိန်အလင်းရောင်ပေးခြင်း (Night–Break) နည်းပညာဖြင့် နောက်ကျစိုက်ပျိုးနိုင်ရန် စမ်းသပ်သုတေသနပြုဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါနည်းပညာအရ ည ၁၁ နာရီခွဲမှ နံနက် ၁၂ နာရီခွဲအထိ LED –100 watt အားအသုံးပြု၍ ညအချိန်အလင်းရောင်ပေးခြင်း (Night–Break)သည် ပေါ်ဆန်းစပါးကို ရာသီချိန်ကျော်၍စိုက်ပျိုးနိုင်ခြင်း၊ အထွက်နှုန်းတိုးခြင်းနှင့် အရည်အသွေးကောင်းမွန်ခြင်း စသည့် အကျိုးကျေးဇူးများကိုမျှော်မှန်းကာ ဆောင်ရွက်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။

သုတေသနစိုက်ကွင်းအား ကြည့်ရှုစစ်ဆေးစဉ်ဒုတိယဝန်ကြီးက ဤသုတေသနသည် ရာသီပေါ်ဆန်းစပါးကို ရေကျနောက်စိုက် စိုက်ပျိုးသည့်ဒေသများတွင် လွန်စွာအသုံးဝင်မည့် စမ်းသပ်ချက်ဖြစ်ကြောင်း၊ ယခုနည်းပညာကို ဆောင်းရာသီ နေ့တာတိုကာလတွင် ပန်းပွင့်ခြင်းအား နှောင့်နှေးအောင်ပြုလုပ်နိုင်မည့်အတွက် ပေါ်ဆန်းစပါးကို သာမန်စိုက်ပျိုးချိန်ထက်နောက်ကျစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ စပါးပင်၏ ပင်ပိုင်းကြီးထွားမှုဘဝ (Vegetative Phase)ကို ပိုရှည်စေသည့်အတွက် ပင်ပိုင်းကြီးထွားမှုပိုကောင်းလာပြီး သာမန်စိုက်ပျိုးချိန်ကဲ့သို့ပင် သီးပွင့်၍ အထွက်တိုးစိုက်စနစ်ကျင့်သုံးစိုက်ပျိုးနိုင်ခြင်းကြောင့် အထွက်နှုန်းမြင့်တက်လာမည်ဖြစ်ကာ ရနံ့အရည်အသွေး(2AP)ကိုလည်း ကောင်းစွာထိန်းသိမ်းနိုင်မည်ဖြစ်၍ သုတေသီများအနေဖြင့် အလေးထားစောင့်ကြည့်ဆောင်ရွက်ကြရန်နှင့် တွေ့ရှိချက်ခိုင်မာစေရန် အကြိမ်များများ စမ်းသပ်ရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဥယျာဉ်ခြံသီးနှံသုတေသနဌာနခွဲ သစ်သီးဝလံသုတေသနဌာနစုတွင် ဆောင်ရွက်လျက်ရှိသော နေပြည်တော်ကောင်စီနယ်မြေအတွင်း အမယ်သစ်သီးနှံရရှိရေး စမ်းသပ်စိုက်ပျိုးထားသည့် ဆင်ခရမ်းချဉ်စိုက်ပျိုးဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးပြီး ဟင်းစားပဲပုပ်နှင့် အာလူး၊ ပိန်းဥနှင့် ပီလောပီနံမြစ်စား စသည့်သီးနှံများအား မျိုးစေ့ဘဏ်နှင့်ပူးပေါင်း၍ မျိုးစုဆောင်းခြင်းနှင့် မျိုးထိန်းသိမ်းခြင်းသုတေသနများ တိုးချဲ့ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးပညာပေးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပသည့် (၈၂)ကြိမ်မြောက်တောင်သူနည်းပညာ ဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

“နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ” ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနအရာရှိ ဒေါ်ပပဝင်းက နေကြာသီးနှံအကြောင်း သိကောင်းစရာများ၊ နေကြာဆီစားသုံးခြင်းဖြင့်ရရှိမည့်အကျိုးကျေးဇူးများ၊ နေကြာသီးနှံ မြန်မာနိုင်ငံသို့ရောက်ရှိလာပုံ၊ နေကြာသီးနှံ သုတေသနခရီး၊ လက်ရှိဆောင်ရွက်လျက်ရှိသောနေကြာသီးနှံသုတေသနလုပ်ငန်းများ၊ စပ်မျိုးနေကြာမျိုး မွေးမြူထုတ်လုပ်ပုံအဆင့်ဆင့်၊ သဘာဝဝတ်မှုန်ကူးမျိုးမွေးမြူထုတ်လုပ်ပုံအဆင့်ဆင့်၊ တောင်သူများပူးပေါင်းပါဝင်သည့် ဆင်းရွှေကြာ-၂ နေကြာမျိုးအား မျိုးသန့်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များ၊ မျိုးမြှင့်တင်ခြင်းလုပ်ငန်းစဉ်များအား ဆွေးနွေးတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်စပ်လျဉ်း၍ တောင်သူများနှင့်ဆွေးနွေးခြင်း၊ တောင်သူများအား စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ကျင်းပသည့် (၈၂)ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇေယျာသီရိ၊ ဒက္ခိဏသီရိ၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ ၊ ပျဉ်းမနား၊ တပ်ကုန်းနှင့် လယ်ဝေးမြို့နယ်တို့မှ တောင်သူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား) မှ ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပညာပေးဝန်ထမ်းများနှင့် တောင်သူ ၃၀၀ ဦး တို့က အွန်လိုင်း Zom Point ၁၀၀ မှ ပါဝင်တက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြဝတီ

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်နှင့်ရေယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။



MV. MCL 6 ရေယာဉ်

အကောက်ခွန် ဦးစီးဌာနမှ ဖမ်းဆီး ရမိမှု။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၀ ရက်**နှင့် **၂၂ ရက်**တို့တွင် ကော့သောင်းမြို့နယ်၊ မြိတ်မြို့နယ်၊ ကျွန်းစုမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် (၈၁ ဒသမ ၀၆၅)တန်၊ မီးသွေး (၃ ဒသမ ၂၀၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၃၅၃၃၀)နှင့် အဆိုပါသစ်များ တင်ဆောင်သည့်ရေယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၅၃၃၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်**တို့တွင် မင်းဘူးမြို့နယ်၊ ငဖဲမြို့နယ်၊ မင်းလှမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ မကွေးမြို့နယ်နှင့် ချောက်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၆)စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ တောင်တွင်းကြီးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ်(သုည ဒသမ ၃၃၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့အတွင်း၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း(၂)လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၄၆၅၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၈၄၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၆ ရက်**တွင် တံတားဦးမြို့နယ်၊ တံတားဦးအဝိုင်းအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန် (၁၈)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၅၃၂၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၅၃၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၆ ရက်**တွင် ကျိုက်မရောမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၂ ရက်နှင့် ၂၄ ရက်** တို့တွင် မြောင်းမြမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ကြံခင်းမြို့နယ်၊ အင်္ဂပူမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် (၉ ဒသမ ၈၂၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၁၄၇၂) ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၆၂၆၁၄၇၂)** ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၆ ရက်**တွင် ရန်ကုန်မြို့၊ သာကေတ ဆိပ်ကမ်း၌ ကော့သောင်း မြို့မှရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၉)မျိုးအား အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ (ID)တွင်ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း(၃၃)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၃၁၅၆၃၁၅) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV–MCL6 ရေယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၄၈၂၅၀၀)ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၁)ဦး၏ ဝန်စည်အတွင်းမှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၀၀၀၀၀) ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၃၉၃၈၈၁၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**နိုဝင်ဘာလ ၂၀ ရက်၊ ၂၂ရက်၊ ၂၃ရက်၊ ၂၄ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၀၇၇၂၈၁၇)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေး လုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက်ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# ဘယ်လာရုစ်သမ္မတနိုင်ငံမှ ဝန်ကြီးများ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအားဖူးမြော်ကြည်ညိုပြီး ဗိုလ်ချုပ်ဈေးအတွင်းကြည့်ရှုလေ့လာ၊ ညပိုင်းတွင် ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ



ရန်ကုန်  နိုဝင်ဘာ  ၂၉

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံမှ စက်မှုဝန်ကြီး H. E. Mr. Andrei KUZNIATSOU၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဆိုင်ရာဝန်ကြီး H.E. Mr. Yury HORLAU၊ ကျန်းမာရေးဝန်ကြီး H.E. Mr. Aliaksandr KHAJAYEU၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်း “Bellegprom” ဥက္ကဋ္ဌ H.E. Ms. Nadzeya LAZAREVICH နှင့်ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဌေးအောင်၊ ဂေါပကအဖွဲ့များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာဧည့်သည်တော်ဝန်ကြီးများ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည်ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်ရင်ပြင်ဧည့်ခံတန်ဆောင်း၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့်ဆက်ကပ်ပူဇော်၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးရာ ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်ပုံတော်နှင့်မှတ်တမ်းစာအုပ်ကို လက်ဆောင်ပေးအပ်ကြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးများ၊ နိုင်ငံပိုင်အသေးစားစက်မှုလုပ်ငန်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည်ရွှေတိဂုံစေတီတော်မြတ်ကြီးရင်ပြင်တော်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်ရှိ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်ရင်ပြင် အောင်မြေနေရာ၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တနင်္ဂနွေထောင့်ရှိ သာယာဝတီမင်းခေါင်းလောင်းတော်ကြီးတွင် ခေါင်းလောင်းထိုး၍ မေတ္တာပို့ဆုတောင်းကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ဈေးသို့ရောက်ရှိပြီး ဈေးအတွင်းခင်းကျင်းပြသရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာများ၊ ကျောက်စိမ်းပန်းပုနှင့်လည်ဆွဲပစ္စည်းများ၊ ရိုးရာအဝတ်အထည်များ၊ ရွှေချည်ငွေချည်ထိုးလက်ရာပစ္စည်းများ၊ ပန်းချီ ပန်းပုပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကာ ဝယ်ယူအားပေးကြသည်။



ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး၊ စက်မှုဝန်ကြီး H.E. Mr. Andrei KUZNIATSOU၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဆိုင်ရာဝန်ကြီး H.E. Mr. Yury HORLAU၊ ကျန်းမာရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီတွင်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံပိုင် အသေးစားစက်မှုလုပ်ငန်း “Bellegprom” ဥက္ကဋ္ဌ H.E. Ms. Nadzeya LAZAREVICH နှင့်ကိုယ်စားလှယ်အဖွဲ့သည် ည ၇ နာရီ ၄၅ မိနစ်တွင်လည်းကောင်း ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းသည် ဧည့်သည်တော် ဘယ်လာရုစ်သမ္မတနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim RYZHENKOV အား လေဆိပ်ဧည့်ခန်းမ၌ မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ် ရန်ကုန်မြို့အတွင်း ဆောင်ရွက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို အမှတ်တရလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

---

**❖ ရှေ့ဖုံးမှအဆက်**

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် လပွတ္တာမြို့နယ်၊ ထွန်းတံတားဆိပ်ခံ၌အခြေပြု၍ အဆိုပါမြို့နယ်နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၂၆၈ ဦး၊ ခွဲစိတ်ရောဂါ ၂၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၁ ဦး၊ ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၆၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၉ ဦး၊ မျက်စိရောဂါ ၄၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူတစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ကြားသိရပါသည် -

“ဦးဇင်းက လပွတ္တာမြို့နယ် အမှတ်(၇) ရပ်ကွက်သရက်တောပရိယတ္တိစာသင်တိုက်ကနေ လာပြီးတော့ပြတာဖြစ်ပါတယ်။ ဦးဇင်းလာပြတာက မျက်စိကြည့်လို့မကောင်းဘူး စာဖတ်လို့အဆင်မပြေဘူး။ ဒါကြောင့်မျက်စိနဲ့ပတ်သက်ပြီး လာပြတာဖြစ်ပါတယ်။ ဆရာဝန်ကလည်း သေသေချာချာလေးစစ်ဆေးပြီးတော့ လိုအပ်တာလေးတွေလည်း ညွှန်ကြားပေးပါတယ်။ အားလုံးလည်း အဆင်ပြေပါတယ်။ မြို့သူမြို့သားတွေအနေနဲ့ကတော့ ဝမ်းပန်းတသားပေါ့။ လာရောက်ကြတဲ့သူတွေကလည်း အများကြီးပဲ။ အခုလိုတကူးတကပေါ့နော် အများပြည်သူတွေကိုလာရောက်ကြည့်ရှုပြီးတော့ ကုသပေးတဲ့အတွက် ဆရာဝန်၊ ဆရာမတွေနဲ့တကွဌာနဆိုင်ရာသက်ဆိုင်သူအားလုံး ကျန်းမာချမ်းသာပြီးတော့ ဒီထက်မကလည်း ပညာတွေတိုးပွားပြီး တိုင်းပြည်တာဝန်တွေထမ်းဆောင်နိုင်ကြပါစေလို့ ဦးဇင်းက ဆုမွန်တောင်းပါတယ်” ဟုမိန့်ကြားသည်။





“လပွတ္တာမြို့ သုံးမိုင်မြို့နယ်(၃)ရပ်ကွက်ကနေ လာရောက်ဆေးကုသမှုခံယူတာဖြစ်ပါတယ်။ ညာဘက်မျက်စိက ရေတိမ်ဖြစ်နေတယ်လို့သိရပါတယ်။ အဲဒါကြောင့်မို့ ကျွန်တော် တပ်မတော်နယ်လှည့်ဆေးကုသမှုအဖွဲ့လာလို့ လာပြတာပါခင်ဗျာ။ ဝမ်းလည်းဝမ်းသာပါတယ်။ ခုလိုမျိုးလာပြီးတော့ ဂရုတစိုက်နဲ့လာရောက်ကုသပေးတဲ့အတွက် ကျွန်တော်တို့ လပွတ္တာမြို့သူမြို့သားများကိုယ်စား ကျွန်တော်က ကျေးဇူးလည်းအထူးတင်ပါတယ်လို့ ပြောချင်ပါတယ်”ဟုပြောသည်။ (၁၀၀)

---

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၄˚c | / | ၂၈˚c |
| ရန်ကုန် | ၁၆˚c | / | ၂၉˚c |
| မန္တလေး | ၁၄˚c | / | ၂၉˚c |

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို
ချွေတာကြပါစို့

**၂၉-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၁) ထပ် အဆောက်အအုံ**

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
|---|---|
|  |  |

**KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၁) ထပ် အဆောက်အအုံ**

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
|---|---|
|  |  |

⇨ **ကျောဖုံးမှအဆက်**

စုစုပေါင်း ၆၃၅ လုံးအနက် ၂၇၀ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာလ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ လူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ ဈေးဆိုင်ခန်းများနှင့် ဟိုတယ်များဖြစ်သော ၂ ထပ်အဆောက်အအုံ ၁ လုံး၊ ၄ ထပ် အဆောက်အအုံ ၁ လုံး၊ ၅ ထပ်အဆောက်အအုံ ၁၅ လုံး၊ ၆ ထပ်အဆောက်အအုံ ၃ လုံး၊ ၇ ထပ်အဆောက်အအုံ ၄ လုံး၊ ၈ ထပ် အဆောက်အအုံ ၂ လုံး၊ စုစုပေါင်း တရားမဝင် အဆောက်အအုံ ၂၆ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လက်ကိုင်ဖုန်းနှင့် အသုံးအဆောင်ပစ္စည်းများကို တစ်ပါတည်းဖြုတ်သိမ်းယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာလ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၃၅ လုံးကို တွေ့ရှိရပြီး အဆိုပါအဆောက်အအုံများအား ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ၃ ထပ်အဆောက်အအုံ ၃၅ လုံး၊ ၇ ထပ်



အွန်လိုင်းလိမ်လည်မှုများဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်းမှုကိုတွေ့ရစဉ်။





တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၄ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။





တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၅ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။

**KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၃) ထပ် ဆေးရုံ အဆောက်အအုံ**

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
|---|---|
|  |  |

**KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၄) ထပ် လူနေ အဆောက်အအုံ**

| မဖြိုဖျက်မီ | ဖြိုဖျက်ပြီး |
|---|---|
|  |  |





တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၆ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။






တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၇ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။

အဆောက်အအုံ ၁ လုံး၊ ၁၃ ထပ် အဆောက်အအုံ ၁ လုံး၊ စုစုပေါင်း ၃၇ လုံးကို ချိုပ်ပိတ်နိုင်ခဲ့ရာ စုစုပေါင်း ၁၀၁ လုံးအထိ ချိုပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၀၄၂ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၃၁၀ လုံး၊ မိုဘိုင်းဖုန်း ၂၁၈၇၀ လုံး၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် အဆိုပါနယ်မြေများ၌ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ်၊ ပူလွဲပူကျေးရွာအုပ်စု၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၁၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၈၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၈ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com


## Destruction and demolishing of illegal buildings continue in KK Park area; combined inspection teams continue to wipe out online scammers and criminals from Shwe Kokko area

NAY PYI TAW November 29

The Myanmar government is launching clearance operations in illegal buildings and systematically destroying and demolishing seized materials and buildings used in online scam and gambling in Shwe Kokko and KK Park areas, the major hubs of online scam and gambling, with combined teams, formed with multiple organizations, including security forces, administrative bodies and local officials.

Its ongoing anti-online scam and gambling operation includes three phases in systematically demolishing and destroying the buildings used in the illegal business in Myawady-Maehtawthalay (KK Park) area. It destroyed and demolished seven more illegal buildings in the phase 3 area today. Up to this date, the combined teams had destroyed 122 illegal buildings in the phase 3 area out of 425, and 270 buildings out of 635 in KK Park area.

Likewise, the teams started their clearance and investigation operations Shwe Kokko area on 18 November. Today, the teams conducted operations at one two-storey building, one four-storey building, 15 five-storey buildings, three six-storey buildings, four seven-storey buildings, two eight-storey buildings, totalling 26 illegal buildings, which were residential buildings, warehouses, shops, hotels. No scammers were found, as the suspects had already left the buildings, taking with them cell phones and other equipment.

During the operation, which started on 18 November in Shwe Kokko area, the teams exposed 135 illegal buildings till today, and today, they sealed off 35 three-storey buildings, one seven storey building, one 13-storey building, totalling 37, and the grand total hit 101 in their ongoing operations to seal off illegal buildings to prevent them from using again.

Till today, the clearance operations of the combined teams exposed and arrested a total of 2,042 foreigners, who entered Myanmar illegally, and


See Page - 21►►



A raid against an eight-storey building suspected of accommodating illegal foreigners.


A raid against a five-storey building suspected of accommodating illegal foreigners in the Shwe Kokko (Part-3).


A raid against a six-storey building suspected of accommodating illegal foreigners.



An illegally constructed one-storey building in the KK Park area (Part-3).

# Farmers harvest all plantations of rainfed groundnut in YeU Township

YEU November 29

According to the district Agriculture Department, local farmers have completed harvest of groundnut on all plantations in YeU Township of Sagaing Region.

They planted 11,052 acres of groundnut as monsoon crops in YeU Township. Starting from August, they harvested the groundnut plantations. So far, they have finished harvest of groundnut, yielding 41.67 baskets per acre.

During this year's monsoon crop season, groundnut was cultivated on 11,052 acres in YeU Township. All of the cultivated groundnut fields have now been fully harvested. As an oil crop, groundnut production is reported to be successful, and cultivation has shown steady progress year by year, according to U Zaw Myint Tun, Head of the YeU District Department of Agriculture.

In YeU Township, one and a half baskets of seed are used per acre, and the total production cost—including seed cost, labour charges, fertilizers, and pesticides—amounts to over Ks-200,000 per acre. The average yield per acre is about 50 baskets.

To ensure successful groundnut cultivation, prevent pest and disease infestations, and maintain weed-free fields, staff from the Township Department of Agriculture have been conducting field inspections and maintaining field monitoring records throughout the growing season.

**SK**



# Sown acreage of rainfed sesame expanded in Katha District

KATHA November 29

Local farmers have expanded sown acreage of rainfed sesame in Katha District of Sagaing Region, according to the statistics of Katha District Agriculture Department.

For the 2025–2026 monsoon crop season, a plan was set to cultivate 582 acres of rainfed sesame in Katha District. Cultivation began in May this year, and as of today, 1,267 acres have been planted exceeding the target cultivation.

"This year, over 500 acres of rainfed sesame were planned for cultivation in Katha District. So far, more than 1,000 acres have been completed. The acreage has exceeded the original target. Efforts are being made to further expand cultivation, improve yields, and encourage farmers to use GAP (Good Agricultural Practices) techniques," said Daw Khin Myat Myat Oo, Head of the Katha District Agriculture Department.

This year, Katha Township cultivated 795 acres of rainfed sesame, Indaw Township 100 acres, Htigyaing Township 288 acres and Bamauk Township 84 acres, totalling 1,267 acres.

With regard to target cultivation in 2025-2026 cultivation season, local authorities earmarked cultivation of 109 acres of sesame in Katha Township, 120 acres in Indaw Township, 260 acres in Htigyaing Township and 93 acres in Bamauk Township, totalling 582 acres.

This year in Katha District, the respective Township Agriculture Departments will provide awareness and guidance to sesame farmers on expanding cultivation, adopting proper cultivation methods, practicing GAP (Good Agricultural Practices), using quality and pure seed varieties, and planting high-yielding varieties.

Crops produced under GAP methods are of higher quality than those grown with conventional techniques, fetch better prices, and can be marketed not only domestically but also for export. As a result, farmers who practice GAP cultivation will gain greater economic benefits, leading to improvements in their socio-economic livelihoods.

**SMK**

# Bogale Township ships large volume of eels to Yangon market

BOGALE November 29

A large quantity of eels from Bogale Township, Ayeyawady Region, were transported to the Yangon market said Daw Tin Tin Win, owner of the Bogale Township fishery products trading center.

Bogale Township shipped up to 67,000 visses of eels to the Yangon market. The increase in eels is due to the good demand of eels from the Yangon market.

"Local good demand has attracted eel farming business. Eels are mainly sent to Yangon. They are then distributed to other domestic and international markets through Yangon. With this good purchasing power, the lives of eel farmers, workers, and eel hunters are now better," she said.



Eels shipped from Bogale Township to the Yangon market last month fetched up to Ks-175,000 per 10 visses. The eels from these regions are mainly sent to the Yangon market and then shipped to other regions through Yangon. **SMK**

# More than 9,000 acres of cotton planted in Myinmu Township this year

MYINMU November 29

Statistics of Sagaing District Agriculture Department mentioned that more than 9,000 acres of cotton were planted as monsoon crops in Myinmu Township of Sagaing Region this year.

For the 2025–2026 monsoon crop season, a plan was set to cultivate 21,140 acres of cotton in Myinmu Township. Cultivation began in May this year, and as of today, 9,987 acres have been planted.

"This year, more than 20,000 acres of cotton are planned for cultivation in Myinmu Township. So far, over 9,000 acres have been completed and planting is continuing. To enable farmers to plant easily in line with the season, quality cotton seeds are being provided," said Daw Thida Lwin, Head of the Sagaing District Agriculture Department.

In Myinmu Township, the Township Agriculture Department has been conducting training sessions for cotton farmers to ensure access to quality seeds, promote healthy crop growth, prevent pests and diseases, apply proper cultivation methods, and achieve higher yields.

The cost of cultivating one acre of cotton is around Ks-350,000, and the yield is about 1,000 viss per acre. In addition, cotton can be intercropped with onions as an early crop and with pigeon peas as a follow-up crop, allowing farmers to earn additional income.

Cotton is mostly planted in 19 townships of Sagaing, Monywa, Yinmabin, Shwebo and Kanbalu districts of Sagaing Region successfully.

**SK**

# Trump declares Venezuelan airspace closed

WASHINGTON November 29

Airspace "above and surrounding" Venezuela is now closed, US President Donald Trump announced on Saturday. Trump has repeatedly threatened military action against the country, citing its alleged involvement in the illicit drug trade, a charge Venezuela's leadership has consistently denied.

Trump made the announcement in a caps-heavy post on Truth Social without elaborating how far the "surrounding" airspace spans beyond the South American country's borders.

"To all airlines, pilots, drug dealers, and human traffickers, please consider the airspace above and surrounding Venezuela to be closed in its entirety," the US president wrote.

Since early September, the US military has carried out over 20 strikes on small boats in international waters in the Caribbean and beyond, claiming the vessels are being used by drug smugglers. More than 80 people are believed to have been killed in the attacks, according to media reports.

In mid-November, US Secretary of War Pete Hegseth announced the launch of Operation Southern Spear against "narcoterrorists" in the region. The US military brought over a dozen warships and some 15,000 personnel into the region as part of the operation.

Trump has repeatedly accused Caracas of aiding "narcoterrorists," alleging that Venezuelan President Nicolas Maduro is personally leading a major drug trafficking organization. Recently, Washington also increased its bounty on Maduro to a massive $50 million.

Maduro has repeatedly denied allegations of being somehow involved in illicit narcotics trafficking, insisting the claims were merely part of Washington's efforts to topple him.

The Venezuelan president has warned Washington against launching "a crazy war," placing the country's military on high alert and staging a series of exercises in response to the US military buildup in the region.

**RT**

# Sri Lanka's weather disaster death toll climbs to 153




COLOMBO November 29

Sri Lanka's Disaster Management Center (DMC) on Saturday evening said 153 people have died due to floods and landslides caused by Cyclone Ditwah.

A total of 191 people are still missing as search and relief operations intensify across multiple districts, the DMC said.

The DMC said 774,724 people from 217,263 families across all districts have been affected by heavy rains, flooding, and landslides. It added that many areas remain inaccessible, complicating rescue efforts and relief distribution.

It also said that 100,898 people from 27,494 families are currently staying in 798 evacuation centers.

As communication disruptions continue to hinder coordination in some of the hardest-hit regions, Sri Lanka's telecommunications operators have agreed to prioritize emergency calls to reduce network congestion and improve response capacity, the President's Media Division said.

The weather is expected to improve from Sunday.

**Xinhua**

# Russia and Saudi Arabia set to scrap visas for each other

MOSCOW November 29

The Russian government has approved a draft deal with Saudi Arabia to waive visas for mutual visits of up to 90 days a year.

The document, published on Russia's official legal information portal on Thursday, says the agreement will take effect 60 days after it is signed and ratified by both sides.

If adopted, Russians and Saudis will be able to enter each other's country and remain for a combined total of no more than three months per calendar year.

Travel for the purpose of employment, study, or permanent residence would require separate permits. The visa waiver would also not apply to Russian citizens traveling to Saudi Arabia for the Hajj pilgrimage.

Russian travel industry representatives say the move could significantly boost tourism and help broaden ties between the two countries. Intourist press service head Darya Domostroyeva told RBK that the tour firm expects the measure to boost tourist flows and support growing business and cultural contacts.

According to VCP Travel CEO Mikhail Abasov, travel to Russia by Saudi citizens has surged in recent years. He said nearly 10,000 Saudis visited Russia in the first quarter of 2025, up 66 percent year-on-year. The surge has pushed Saudi Arabia into top three countries responsible for tourism to Russia, behind only China and Türkiye.

Direct flights have expanded as well. Saudi low-cost carrier Flynas launched regular Riyadh-Moscow service on August 1, and the national airline Saudia began nonstop flights on October 10.

The list of visa-free destinations for Russians has continued to grow in 2025. China launched a one-year trial in September allowing Russian passport holders to enter for up to 30 days, while Moscow has rolled out or expanded mutual waivers with Oman and Jordan, extended a similar regime with Myanmar, and is in talks with Kuwait and Bahrain. Industry analysts expect the visa-free map to expand further.

**RT**

# Death toll rises to 303, 279 still missing following floods in Indonesia



JAKARTA November 29

A total of 303 people died and 279 remain missing after flash floods and landslides struck three provinces in Indonesia's Sumatra region, the country's National Disaster Management Agency (BNPB) said on Saturday.

BNPB Chief Suharyanto told a press conference that North Sumatra suffered the highest number of casualties, with 166 deaths and 143 people still unaccounted for. In West Sumatra, 90 people were confirmed dead and 85 missing, while in Aceh, 47 fatalities were recorded and 51 people remained missing.

He chaired a coordination meeting with BNPB units deployed in the three hardest-hit provinces, emphasizing that operations must be intensified as weather conditions in the affected areas begin to improve.

He noted that the agency is prioritizing three urgent tasks: conducting search and rescue operations for those still missing, restoring disrupted communication access, and ensuring the swift delivery of logistics to affected residents.

**Xinhua**

▶▶ From Page - 18

seized and systematically destroyed 3,310 computers, 21,870 cell phones, 102 Starlink dishes, 22 Routers, and a large number of business-related items in Shwe Kokko area. The operations continue.

Illegal foreigners found and arrested in the area were kept at a building in Lonhtin-wun, Shwe Kokko Myaing Village, Pulwepu village-tract, Myawady Township. The combined departmental teams were documenting their necessary personal information and records to transfer them back to their countries soonest.

Between 30 January to 29 November, 2025, a total of 12,915 foreigners, who entered Myanmar illegally, were detained. Among them, 10,029 were handed over to relevant countries via Thailand in accordance with the law, rules and regulation after investigations. The remaining 2,886 foreigners are underway to transfer to their relevant countries and properly detained.

The Government is committed to preventing online fraud and gambling from taking root in Myanmar as a national duty and will continue to coordinate and cooperate with the governments of neighbouring countries, in addition to internal forces, to carry out these operations. **100**




An illegally constructed three-storey residential building in the KK Park area (Part-3).



A documentary photograph showing the sealing of a building used in online scams and gambling.



A raid against a seven-storey building suspected of accommodating illegal foreigners.

# Plan underway to cultivate more than 3,000 acres of lablab bean in Sagaing Township this year

SAGAING November 29

According to Sagaing Township Agriculture Department, local authorities earmarked cultivation of more than 3,000 acres of lablab bean in coming cold season in Sagaing Township of Sagaing Region.

In the 2025–2026 winter crop season, 3,530 acres of lablab bean are planned for cultivation in Sagaing Township, with planting scheduled from October to December this year. Preparations are being made to ensure successful cultivation.

"This year, over 3,000 acres of lablab bean are planned for cultivation during the winter crop season in Sagaing Township. Efforts will be made to fully meet the target acreage. To achieve good yields and quality, we will cooperate with farmers by providing quality and pure seeds, necessary inputs, and post-harvest technologies," said U Myo Thant Aung, Head of the Township Agriculture Department.

It is learned that in Sagaing Township, the Agriculture Department will continue to educate farmers on expanding lablab bean cultivation, improving yields, adopting GAP (Good Agricultural Practices), using quality and pure seeds, and promoting high-yield varieties.

Crops grown under GAP are of higher quality than those grown with other methods, fetch better market prices, and are not only competitive in the domestic market but can also be exported. Therefore, farmers who adopt GAP can expect greater profitability.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# သူ့အလိုလိုပျက်စီးနိုင်မယ့် ပလတ်စတစ်ကို သိပ္ပံပညာရှင်များတီထွင်



အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်ရှိ ရတ်ကာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပတ်ဝန်းကျင်ညစ်ညမ်းမှုကို တိုက်ဖျက်နိုင်မယ့် ဆန်းသစ်တီထွင်မှုတစ်ခုကို ဖန်တီးလိုက်ပြီဖြစ်ပါတယ်။ အဲဒါကတော့ သာမန်ပူနွေးတဲ့အခြေအနေမှာတောင် သူ့အလိုလိုပြိုကွဲပျက်စီးသွားနိုင်မယ့်ပရိုဂရမ်ထည့်သွင်းနိုင်တဲ့ ပလတ်စတစ်တစ်မျိုးပါပဲ။

ဒီပလတ်စတစ်ကိုတီထွင်တဲ့ ဓာတုဗေဒပညာရှင်တွေက ပလတ်စတစ်ရဲ့ဓာတုဖွဲ့စည်းပုံကိုပြောင်းလဲပေးခြင်းဖြင့် ပလတ်စတစ်ပျက်စီးသွားမယ့်အချိန်ကို ထိန်းချုပ်ထားနိုင်မှာဖြစ်ပါတယ်။ ဆိုလိုတာက အဲဒီပလတ်စတစ်ကို တစ်ရက်အတွင်း၊ သီတင်းပတ်တစ်ပတ်အတွင်း ဒါမှမဟုတ် နှစ်ချီပြီးမှပျက်စီးစေဖို့အတွက် အချိန်သတ်မှတ်ပြီး ပရိုဂရမ်ထည့်ထားတာမျိုးပါ။ ဒါကြောင့် ဒီပလတ်စတစ်တွေက သမားရိုးကျပလတ်စတစ်တွေလိုမဟုတ်ဘဲ ပတ်ဝန်းကျင်မှာ အချိန်ကြာကြာရှိနေမှာမဟုတ်ပါဘူး။

ဒီလို ထိန်းချုပ်နိုင်တဲ့နည်းပညာကြောင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းတွေကိုလျှော့ချဖို့ အလားအလာကောင်းတွေရှိလာပါတယ်။ ဒ့ါအပြင် ပလတ်စတစ်ရဲ့ပျက်စီးမှုကို ခရမ်းလွန်ရောင်ခြည် သို့မဟုတ် သတ္တုအိုင်းယွန်းတွေနဲ့ပါ စတင်အောင်နဲ့ ရပ်တန့်အောင်ပါ ထိန်းချုပ်လို့ရပါတယ်။ ဒီလိုမျိုးပရိုဂရမ်နဲ့ထိန်းချုပ်နိုင်တဲ့ ပလတ်စတစ်ဟာ သဘာဝပတ်ဝန်းကျင်အတွက် အင်မတန်အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်လာမှာအမှန်ပဲဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ပုံမှန်ထက် ကာဗွန်ထုတ်လွှတ်မှုလျှော့ချပေးမယ့် အီသနောအသုံးပြုလေယာဉ်ဆီ

ဘီလျံနာကြီးဘေဂိတ်ရဲ့ ထောက်ပံ့မှုရထားတဲ့ စွန့်ဦးတီထွင်လုပ်ငန်းတစ်ခုဖြစ်တဲ့ LanzaJet က ကမ္ဘာ့ပထမဆုံးစီးပွားဖြစ်ရေရှည်တည်တံ့သော လေယာဉ်ဆီစက်ရုံကို အောင်မြင်စွာဖွင့်လှစ်လိုက်ပြီလို့ သိရပါတယ်။ ဒီစက်ရုံကနေထုတ်လုပ်ပေးမယ့် လေယာဉ်ဆီက ပုံမှန်ထက်ကာဗွန်ထုတ်လွှတ်မှုကို ၇၀ ရာခိုင်နှုန်းအထိလျှော့ချပေးနိုင်မယ့် လေယာဉ်ဆီဖြစ်ပြီး သူ့ကိုထုတ်လုပ်ဖို့အတွက် အီသနောကိုအသုံးပြုသွားမှာဖြစ်ပါတယ်။

အီသနောအသုံးပြုလေယာဉ်ဆီဟာ ရေရှည်ရရှိနိုင်တဲ့ စိုက်ပျိုးရေးပစ္စည်းများနဲ့ အမှိုက်သရိုက်လို အရင်းအမြစ်တွေကနေထုတ်လုပ်တာဖြစ်လို့ ရုပ်ကြွင်းလောင်စာတွေအပေါ် မှီခိုမှုကိုလျှော့ချပေးနိုင်မှာပါ။ အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ်မှာရှိတဲ့ Freedom Pines Fuels စက်ရုံက တစ်နှစ်ကို ရေရှည်တည်တံ့သော လေယာဉ်ဆီဂါလန် ၉ သန်းအထိ ထုတ်လုပ်သွားဖို့ စီစဉ်ထားပါတယ်။

ဒီလိုထုတ်လုပ်နိုင်မှုက တစ်ကမ္ဘာလုံးဆိုင်ရာ လေယာဉ်ဆီထောက်ပံ့ရေးအတွက် အဓိကအပြောင်းအလဲတစ်ခုကို ဖန်တီးပေးနိုင်မှာပါ။ ဒ့ါအပြင် အီသနောအသုံးပြုထုတ်လုပ်ထားတဲ့လေယာဉ်ဆီတွေကို ပုံမှန်လေယာဉ်ဆီတွေနဲ့ရောစပ်ပြီး လက်ရှိလေယာဉ်တွေမှာ ဘယ်လိုပြောင်းလဲမှုမျိုးမှလုပ်စရာမလိုဘဲ တိုက်ရိုက်အသုံးပြုနိုင်တာကလည်း အားသာချက်တစ်ခုဖြစ်ပါတယ်။ လက်ရှိမှာထိပ်တန်းလေကြောင်းလိုင်းကြီးတွေက ဒီဆီကိုအသုံးပြုဖို့ စိတ်ဝင်စားနေပါတယ်။

**Ref: IE**

**ကိုထက်**




# နှာခေါင်းပေါက်မှထည့်သွင်းရသော နာနိုဆေးရည်ဖြင့် ဦးနှောက်အကျိတ်များကို ဖျက်ဆီးနိုင်



အမေရိကန်နိုင်ငံမှသိပ္ပံပညာရှင်တွေက ကုသရခက်ခဲတဲ့ ဦးနှောက်ကင်ဆာကို တိုက်ဖျက်နိုင်မယ့် နည်းလမ်းအသစ်တစ်ခုကို တွေ့ရှိထားပါတယ်။ အဲဒါက နာနိုဆေးရည်လို့ခေါ်တဲ့ အလွန်သေးငယ်တဲ့ အမှုန်အမွှားတွေနဲ့ ဖန်တီးထားတဲ့ဆေးကို နှာခေါင်းပေါက်ကနေတစ်ဆင့် ဦးနှောက်ဆီကို တိုက်ရိုက်ထည့်သွင်းကုသတဲ့နည်းလမ်းပဲဖြစ်ပါတယ်။ အဲဒီနာနိုဆေးရည်တွေဟာ ဦးနှောက်အကျိတ်တစ်မျိုးဖြစ်တဲ့ Glioblastoma ကိုကုသရာမှာ အောင်မြင်မှုတွေရရှိထားပါတယ်။

လေ့လာမှုကိုကြည့်ရင်လည်း ဒီဆေးကကြွက်တွေရဲ့ ဦးနှောက်ထဲရှိအကျိတ်တွေကို ဖျက်ဆီးနိုင်ခဲ့တာတွေ့ရပါတယ်။ ဒီကုထုံးရဲ့ လျှို့ဝှက်ချက်ကတော့ STING လို့ခေါ်တဲ့ ကိုယ်ခံအားစနစ်လမ်းကြောင်းကို နှိုးဆွပေးခြင်းပဲဖြစ်ပါတယ်။ ဒီလိုနှိုးဆွလိုက်တဲ့အတွက် ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်က ကင်ဆာကလာပ်စည်းတွေကို တိတိကျကျ ဦးတည်တိုက်ခိုက်စေနိုင်ပါတယ်။

နာနိုနည်းပညာကို အသုံးပြုတဲ့အတွက် ဒီဆေးရည်ဟာ နှာခေါင်းကနေတစ်ဆင့် အာရုံကြောလမ်းကြောင်းအတိုင်း လုံခြုံစွာသွားနိုင်ပြီး ဦးနှောက်ထဲတိုက်ရိုက်ရောက်ရှိပါတယ်၊ ဒီကုထုံးကို ကိုယ်ခံအားမြှင့်ဆေးဝါးတွေနဲ့တွဲဖက်အသုံးပြုနိုင်တာကိုလည်း တွေ့ရှိရပါတယ်။

**Ref: IE**

**ကိုထက်**

# တရုတ်နိုင်ငံရဲ့ ကယ်ဆယ်ရေးလုပ်ငန်းများမှာ ထိရောက်စွာကူညီမယ့် စက်ရုပ်ခွေးများ





တရုတ်နိုင်ငံက စက်ရုပ်နည်းပညာတိုးတက်မှုမှာ အရှိန်အဟုန်မြှင့်တင်နေပြီး အဲဒီထဲကမှ စက်ရုပ်ခွေးတွေကို ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ စတင်အသုံးပြုလာပါတယ်။ စက်ရုပ်ခွေးတွေရဲ့ အဓိကအားသာချက်က လူသားတွေဝင်ရောက်ဖို့အတွက် အန္တရာယ်များတဲ့ မီးလောင်ရာနေရာမျိုးတွေ၊ အပျက်အစီးတွေကြားနဲ့ ရေကြီးတာလိုမျိုး အရေးပေါ်အခြေအနေတွေမှာပါ အလုပ်လုပ်နိုင်ခြင်းပဲဖြစ်ပါတယ်။

သူတို့မှာ အပူချိန် အလွန်အမင်းပူတာ ဒါမှမဟုတ် အေးတဲ့အခြေအနေတွေကိုပါ ခံနိုင်ရည်ရှိပြီး အတားအဆီးတွေကို ကျော်လွှားနိုင်တဲ့စွမ်းရည်လည်းရှိပါတယ်။ ဒ့ါအပြင်အဆင့်မြင့် အာရုံခံကိရိယာတွေ တပ်ဆင်ထားတာကြောင့် အန္တရာယ်ရှိတဲ့ ဓာတ်ငွေ့တွေကို ထောက်လှမ်းနိုင်ခြင်း၊ နေရာတွေကို အချိန်နဲ့တစ်ပြေးညီ 3D မြေပုံဆွဲနိုင်ခြင်း စတဲ့ အရေးကြီးအချက်အလက်တွေကို ကယ်ဆယ်ရေးသမားတွေဆီ ပြန်ပို့ပေးနိုင်ပါတယ်။ ဒီလိုစက်ရုပ်ခွေးတွေကို အသုံးပြုတာဟာ ကယ်ဆယ်ရေးလုပ်ငန်းတွေရဲ့ထိရောက်မှုကို သိသိသာသာမြှင့်တင်ပေးရုံသာမက ကယ်ဆယ်ရေးသမားတွေကိုပါ ဘေးကင်းလုံခြုံစေမှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ရေအောက်ထောက်လှမ်းရေးလုပ်ငန်းကို အဆင့်မြင့်စွာလုပ်နိုင်မယ့် ငါးမန်းပုံသဏ္ဌာန် GhostSwimmer



အမေရိကန်ရေတပ်အနေနဲ့ ရေအောက်ထောက်လှမ်းရေးလုပ်ငန်းတွေကို အဆင့်မြင့်စွာလုပ်ဆောင်နိုင်စေမယ့် သဘာဝကိုအတုယူဖန်တီးထားတဲ့ တီထွင်မှုတစ်ခုကို စမ်းသပ်နေပြီလို့ သိရပါတယ်၊ အဲဒါကတော့ ငါးမန်းပုံသဏ္ဌာန်ဖန်တီးထားပြီး GhostSwimmer လို့ အမည်ပေးထားတဲ့ လူမဲ့ရေအောက်သွားယာဉ်ပဲဖြစ်ပါတယ်။

ဒီစက်ရုပ်ဟာ ရေထဲမှာလှုပ်ရှားတဲ့အခါ ငါးတွေလိုမျိုးပဲ အမြီးကိုဘယ်ညာရမ်းပြီး ရေကူးပါတယ်။ ဒ့ါကြောင့် ပုံမှန်ပန်ကာသုံးယာဉ်တွေထက် ပိုပြီးတိတ်ဆိတ်ငြိမ်သက်ပါတယ်။ ငါးမန်းနဲ့ ဆင်တူတဲ့ပုံသဏ္ဌာန်ကြောင့် ရေအောက်မှာ ထောက်လှမ်းရေးလုပ်ငန်းတွေကို မသိမသာနဲ့ လျှို့ဝှက်စွာလုပ်ဆောင်နိုင်ပါတယ်။

GhostSwimmer ဟာ အလျား ၅ ပေရှိပြီး ရေအနက် ပေ ၃၀၀ အထိ ငုပ်လျှိုးနိုင်ပါတယ်။ ဒီစက်ရုပ်ကို ကွန်ပျူတာနဲ့ချိတ်ဆက်ထားတဲ့ကေဘယ်ကြိုးကနေထိန်းချုပ်နိုင်သလို သူ့မှာပါတဲ့ အာရုံခံကိရိယာတွေနဲ့ ဘက်ထရီကြောင့် ပရိုဂရမ်အတိုင်း သူ့အလိုလို အလုပ်လုပ်တဲ့စက်ရုပ်အဖြစ်လည်း လုပ်ဆောင်နိုင်ပါတယ်။ GhostSwimmer က ရေမြှုပ်မိုင်းရှာဖွေဖို့ လက်ရှိအသုံးပြုနေရတဲ့ လင်းပိုင်တွေနဲ့ဖျံတွေရဲ့ နေရာမှာ အစားထိုးနိုင်ဖို့ပါမျှော်မှန်းထားတာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

## သီရိလင်္ကာ၌ ဒစ်ဝါမုန်တိုင်းကြောင့် လူ ၁၅၃ ဦးသေဆုံး အစိုးရက အရေးပေါ် အခြေအနေကြေညာ

**ကိုလံဘို၊ သဘာဝဘေး**

သီရိလင်္ကာနိုင်ငံ၌ ဒစ်ဝါမုန်တိုင်းတိုက်ခတ်မှုကြောင့်သေဆုံးသူ ၁၅၃ ဦးအထိရှိလာပြီး ၁၉၁ ဦးပျောက်ဆုံးနေကြောင်း သိရသည်။ ထို့ပြင် မုန်တိုင်းတိုက်ခတ်မှုကြောင့်ဖြစ်ပေါ်လာသော မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် အစိုးရက နိုဝင်ဘာလ ၂၉ ရက်တွင် အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများကို တောင်းခံလိုက်ကြောင်းသိရသည်။

ဒစ်ဝါမုန်တိုင်းတိုက်ခတ်မှု၏ နောက်ဆက်တွဲအနေဖြင့် အိမ်ခြေပေါင်း ၁၅၀၀၀ ကျော်ပျက်စီးဆုံးရှုံးပြီး လူပေါင်း ၇၈၀၀၀ မှာ အစိုးရကစီစဉ်ပေးထားသည့် ယာယီဒုက္ခသည်စခန်းများ၌နေထိုင်နေရကြောင်း သဘာဝဘေးစီမံခန့်ခွဲရေးဌာနကထုတ်ပြန်ထားသည်။

တစ်ချိန်တည်းမှာပင် အစိုးရအနေဖြင့် တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ဖွဲ့များ၏ ကူညီမှုနှင့်အတူ ကယ်ဆယ်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **Ref: CNA**

## အမေရိကန်က ခိုလှုံခွင့်တောင်းခံမှုများအတွက် ဆုံးဖြတ်ချက်များကို ရပ်ဆိုင်းထားမည်



**ဝါရှင်တန်၊ ပြည်တွင်းရေး**

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံအတွင်း ခိုလှုံခွင့်တောင်းခံမှုများအတွက် ဆုံးဖြတ်ချက်များချမှတ်ခြင်းကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက နိုဝင်ဘာလ ၂၈ ရက်တွင်ပြောသည်။ အမေရိကန်နိုင်ငံ၌နေထိုင်လျက်ရှိသည့် အာဖဂန်နစ္စတန်နိုင်ငံသားတစ်ဦးက အိမ်ဖြူတော်အနီး၌ အမျိုးသားကာကွယ်ရေးအစောင့်တပ်ဖွဲ့ဝင်နှစ်ဦးကို ပစ်ခတ်မှုလုပ်ဆောင်ပြီးနောက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ရွှေ့ပြောင်းနေထိုင်သူများအပေါ် သဘောထားတင်းမာလာစဉ် အစိုးရတာဝန်ရှိသူများက ယခုကဲ့သို့ ထုတ်ပြန်လာခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူတစ်ဦးက အမေရိကန်စစ်သည်နှစ်ဦးကိုတိုက်ခိုက်မှုသည် နိုဝင်ဘာလ ၂၆ ရက်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးအနက်တစ်ဦးမှာ ရရှိသည့်ဒဏ်ရာများဖြင့် ကွယ်လွန်သွားသည်။ ထို့နောက် သမ္မတဒေါ်နယ်ထရမ့်သည် တတိယနိုင်ငံများမှ ရွှေ့ပြောင်းနေထိုင်သူများကို နိုင်ငံအတွင်း ဝင်ရောက်မှုမှရပ်ဆိုင်းထားမည်ဖြစ်သည်ဟုကတိပြုထားသည်။

အလားတူ အမေရိကန်နိုင်ငံအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံပတ်စပို့ကိုင်ဆောင်ထားသူများအား ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးခြင်းကိုလည်း ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက နိုဝင်ဘာလ ၂၈ ရက်တွင်ပြောသည်ဟုသိရသည်။ **Ref: TH**

## ကြက်ငှက်တုပ်ကွေးဗိုင်းရပ်ကူးစက်မှုက ကိုဗစ်-၁၉ ထက် ပိုဆိုးလာနိုင်ခြေရှိဟု ပညာရှင်များထုတ်ပြန်

**ပဲရစ်၊ ကျန်းမာရေး**

တောရိုင်းငှက်များ၊ မွေးမြူရေးကြက်၊ ဘဲများ၊ နို့တိုက်သတ္တဝါများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသော ကြက်ငှက်တုပ်ကွေးဗိုင်းရပ်သည် ကိုဗစ်-၁၉ ရောဂါထက်ပိုဆိုးလာနိုင်ခြေရှိကြောင်း ပြင်သစ်ပညာရှင်များကထုတ်ပြန်ထားသည်။

အထူးသဖြင့် ယင်းဗိုင်းရပ်သည် မျိုးရိုးဗီဇပြောင်းလဲပြီး လူသားများဆီသို့ပင် ကူးစက်လာမည်ဆိုပါက ရောဂါပိုးပျံ့နှံ့မှုသည် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုထက် ပိုမိုဆိုးဝါးလာနိုင်ကြောင်း ပြင်သစ်နိုင်ငံရှိ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါဌာနမှဌာနမှူးက သတိပေးထားခြင်းဖြစ်သည်။

လက်ရှိတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးကူးစက်မှုကိုထိန်းချုပ်နိုင်ရေးအတွက် ရောဂါပိုးကူးစက်ခံရသော တိရစ္ဆာန်များစွာကိုသုတ်သင်မှုလုပ်ဆောင်နေရကြောင်းနှင့် ယင်းရောဂါပိုး လူသို့ကူးစက်မှုမှာရှားပါးကြောင်းသိရသည်။ **Ref: Xinhua**

## ထရမ့်နှင့် မာဒူရိုတို့ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်မှု လုပ်ဆောင်ဟုဆို

**နယူးယောက်၊ နိုင်ငံရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဗင်နီဇွဲလားသမ္မတနီကိုးလပ်မာဒူရိုတို့သည် ပြီးခဲ့သည့်သီတင်းပတ်တွင် တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်မှုလုပ်ဆောင်ကြောင်း ယင်းကိစ္စနှင့်ပတ်သက်၍ သိရှိသူများ၏ ပြောဆိုချက်ကိုကိုးကားကာ New York Times သတင်းဌာနက နိုဝင်ဘာလ ၂၈ ရက်တွင်ထုတ်ပြန်ထားသည်။

သမ္မတဒေါ်နယ်ထရမ့်သည် ဗင်နီဇွဲလားသမ္မတကို မူးယစ်ဆေးဝါးကုန်ကူးသူများနှင့်ပတ်သက်နေသည်ဟုစွပ်စွဲကာ မူးယစ်အကြမ်းဖက်သမားများကို ဗင်နီဇွဲလားမြေပေါ်မှနှင့်ထုတ်သွားမည်ဟုပြောထားသည်။

ထို့နောက် နှစ်နိုင်ငံခေါင်းဆောင်များက တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်မှုလုပ်ဆောင်ပြီး ၎င်းတို့နှစ်ဦးအနေဖြင့် တွေ့ဆုံဆွေးနွေးမှုလုပ်ဆောင်မည့်အခြေအနေနှင့်ပတ်သက်၍ ပြောဆိုမှုများရှိနိုင်ကြောင်း သတင်းအရင်းအမြစ်များ၏ပြောဆိုမှုကို ကိုးကား၍ သတင်းဌာနကဖော်ပြထားခြင်းဖြစ်သည်။ **Ref: RT**

## ဟောင်ကောင်ရှိ အထပ်မြင့်တိုက်များ မီးလောင်မှု သေဆုံးသူ ၁၂၈ ဦးအထိရှိလာ



**ဟောင်ကောင်၊ မီးလောင်မှု**

ဟောင်ကောင်ဒေသရှိအထပ်မြင့်လူနေတိုက်များ မီးလောင်မှုအတွင်း နိုဝင်ဘာလ ၂၉ ရက်အထိ သေဆုံးသူအရေအတွက်မှာ ၁၂၈ ဦးအထိ မြင့်တက်လာကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့် သေဆုံးသူများအတွက် ဈာပနအခမ်းအနားကျင်းပရန်ပြင်ဆင်နေကြောင်းသိရသည်။

ယခုမီးလောင်မှုသည် ဟောင်ကောင်၏ ခေတ်သစ်သမိုင်းကြောင်းတွင် လူသေဆုံးမှုအများဆုံးသော မီးလောင်မှုတစ်ခုဖြစ်လာကြောင်းနှင့် ယင်းမီးလောင်မှုအတွင်း လူပေါင်းများစွာမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနများက ဖော်ပြထားသည်။

အလားတူ အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ လူရှစ်ဦးကို အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးတာဝန်ရှိသူများက နိုဝင်ဘာလ ၂၈ ရက်တွင် ဖမ်းဆီးထိန်းသိမ်းထားသည်။ မီးလောင်မှုသည် တိုင်ပိုနယ်မြေရှိ Wang Fuk Court အထပ်မြင့်လူနေအိမ်ရာ၌ နိုဝင်ဘာလ ၂၆ ရက်တွင် ဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါအိမ်ရာအတွင်းရှိ တိုက်များသည် ပြင်ဆင်မွမ်းမံမှုလုပ်နေသည့်တိုက်များဖြစ်ပြီး မီးလောင်မှုက ဝါးငြမ်းများမှစတင်ခြင်းဖြစ်ကြောင်းနှင့် တိုက်ရှစ်လုံးအနက် ခုနစ်လုံးမီးလောင်သွားကြောင်း တာဝန်ရှိသူများကပြောသည်။ **Ref: BP**

## ထိုင်းတောင်ပိုင်း၌ ရေကြီးမှုများအတွင်း သေဆုံးသူ ၁၄၅ ဦးအထိမြင့်တက်

**ဘန်ကောက်၊ သဘာဝဘေး**

ထိုင်းနိုင်ငံတောင်ပိုင်း၌ဖြစ်ပွားနေသော ရေကြီးမှုများအတွင်း သေဆုံးသူ ၁၄၅ ဦးအထိမြင့်တက်လာပြီဖြစ်ကြောင်းနှင့် ရေများ ပြန်လည်ကျဆင်းလာပြီဖြစ်သည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတောင်ပိုင်းရှိ ပြည်နယ်ရှစ်ခုတွင် ရေကြီးမှုများဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ထိုရေကြီးမှုများကြောင့် သေဆုံးသူအများဆုံးပြည်နယ်မှာ ဆောင်ခလာပြည်နယ်ဖြစ်ပြီး သေဆုံးသူ ၁၁၀ အထိရှိကြောင်း အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။

လက်ရှိအချိန်တွင် ရေများပြန်လည်ကျဆင်းနေပြီဖြစ်သော်လည်း နိုင်ငံတောင်ပိုင်းရှိဒေသတစ်ဝန်းတွင် ရေကြီးမှုများကြောင့် ထိခိုက်သူစုစုပေါင်း ၃ ဒသမ ၅၆ သန်းရှိကြောင်း သဘာဝဘေးလျော့ပါးရေးနှင့် ကာကွယ်ရေးဌာနကထုတ်ပြန်ထားသည်။

ရေကြီးမှုများကြောင့် ထိခိုက်ပျက်စီးမှုအဆိုးဆုံးသောမြို့မှာ ဟတ်ယိုင်မြို့ဖြစ်ပြီး ယခုသီတင်းပတ်အစောပိုင်းတွင် နှစ်ပေါင်းများစွာအတွင်း အပြင်းထန်ဆုံးသောမိုးသည်းထန်စွာရွာသွန်းမှုနှင့်ရင်ဆိုင်ရသည့်အတွက် အစိုးရကဆောင်ခလာပြည်နယ်တစ်ခုလုံးကို အရေးပေါ်အခြေအနေထုတ်ပြန်ခဲ့ရကြောင်းသိရသည်။ **Ref: Xinhua**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ချင်းပြည်နယ်တာဝန်ခံ ဦးအောင်မိုးမြင့်နှင့် ချင်းပြည်နယ် ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တွေ့ဆုံ



ဟားခါး နိုဝင်ဘာ ၂၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ချင်းပြည်နယ်တာဝန်ခံ ဦးအောင်မိုးမြင့်နှင့် ချင်းပြည်နယ် ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတွေ့ဆုံပွဲကို ယမန်နေ့ ညနေ ၄ နာရီက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေဘောင်အတွင်း၌သာ စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိ ဦးကျော်စိုးနိုင်က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့်ပါတီအသီးသီးမှ ကိုယ်စားလှယ်များက တင်ပြလိုသည့်အချက်များကို တင်ပြကြကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# စစ်မှုထမ်းဟောင်းမိသားစုဝင်များအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၁၁)ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ၌ နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းမိသားစုဝင်များအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်မှုထမ်းဟောင်းအိမ်ရာရှိ ဓမ္မာရုံ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းမိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့သည်။ ယင်းနောက်တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအိမ်ရာ၌ တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်မိသားစုများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကိုသွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး စစ်မှုထမ်းဟောင်းမိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

→ ကျောဖုံးမှအဆက်

မြောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့(Coco Island)၏အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၉၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့(Puducherry)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၁၅၀ မိုင်ခန့်နှင့် သီရိလင်္ကာနိုင်ငံ၊ ထရီကိုမာလီမြို့(Trincomalee)၏ မြောက်-အနောက်မြောက်ဘက် ရေမိုင် ၆၅ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ” ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ” သည် ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၉ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၀ ဒသမ ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ” သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေနှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေအနီး) သို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။


**သတိပေးနှိုးဆော်ချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ”၏ အရှိန်ကြောင့် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ၅ ပေမှ ၇ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ” ၏အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

၂၉-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ (DITWAH) ” လမ်းကြောင်းပြမြေပုံ




# ဆေးတက္ကသိုလ်(၁)ရန်ကုန် (၆၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၉

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ (၆၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆေးပညာဘွဲ့များ၊ ဆေးပညာမဟာသိပ္ပံဘွဲ့အတွက်ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ဆေးတက္ကသိုလ်(၁) ပညာရေးအဖွဲ့က ကြေညာခြင်းခံရသူများအား ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ်ဒေါက်တာကျော်ရွှေက ဘွဲ့များအပ်နှင်းချီးမြှင့်ပေးအပ်ပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားသည်။

ယနေ့ပြုလုပ်သည့် (၆၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးပညာဘွဲ့တက်ရောက်ရယူသူ ၂၉၉ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ တက်ရောက်ရယူသူ ၁၇ ဦးနှင့် အဝေးရောက်ဘွဲ့ရယူသူလေးဦးတို့ပါဝင်သည်။

ဆေးတက္ကသိုလ်(၁)ရန်ကုန်အနေဖြင့် ယနေ့ဘွဲ့နှင်းသဘင်အပါအဝင် ဆေးပညာဘွဲ့ရဆရာဝန်စုစုပေါင်း ၂၀၂၄၂ ဦးနှင့်ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာဘွဲ့ရစုစုပေါင်း ၇၀၀၂ ဦးတို့ကိုလည်း အောင်မြင်စွာလေ့ကျင့်ပျိုးထောင်ဘွဲ့များအပ်နှင်းပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဝန်းရံခ

## စနေနေ့ဘောလုံးပွဲ ရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | |
|---|---|
| ဘရန့်ဖို့ | ၃ - ၁ ဘန်လေ |
| မန်စီးတီး | ၃ - ၂ လိဒ် |
| ဆန်းဒါးလန်း | ၃ - ၂ ဘုန်းမောက် |

**စပိန်လာလီဂါ**

| | |
|---|---|
| ဂီတာဖေး | ၁ - ၀ အယ်ချီ |
| မာယော့ကာ | ၂ - ၂ အိုဆာဆူနာ |
| ဘာစီလိုနာ | ၃ - ၁ အလာဗက် |

# ညအပူချိန်များအနည်းငယ်လျော့နည်းနေမည်

နေပြည်တော် နိုဝင်ဘာ ၂၉

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနေမည်။ (မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီအရေးယူခံရနိုင်ပါသည်။

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များအား တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များအား ရှေးဟောင်းClassic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သောယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်အား ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များအား မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် (၁-၁၂-၂၀၂၅)ရက်မှ (၃၁-၃-၂၀၂၆)ရက်အထိ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များအား www.motc.gov.mm , www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## ချမ်းမြသာစည်မြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၊ တမူဝတီရပ်ကွက်ရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက အဆိုပါရပ်ကွက် မုန့်ဦးတန်းဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။


ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၂၀၈ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမြက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## အခြေခံပညာကျောင်းများ၊ ဘုရားစေတီပုထိုးများနှင့် ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပစာရပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၈ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ဓိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ရှိ ဘုရားစေတီပုထိုးများ၊ ဘိုးဘွားရိပ်သာများနှင့် သောက်ရေကန်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ဓိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

# ဉာဏ်ရည်မသန်စွမ်းသူများ အားကစားပြိုင်ပွဲ (တောင်ကြီး)ဖွင့်ပွဲအခမ်းအနားကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ နိုဝင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများအဖွဲ့ချုပ်က ဦးစီးကျင်းပသော၂၀၂၅ ခုနှစ် ဉာဏ်ရည်မသန်စွမ်းသူများအားကစားပြိုင်ပွဲ(တောင်ကြီး) ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်တာဝန်ရှိသူတို့က ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဉာဏ်ရည်မသန်စွမ်းသူများက သရုပ်ပြတင်ဆက်ပြီး တာဝန်ရှိသူတို့က ၂၀၂၅ ခုနှစ် ဉာဏ်ရည်ဂုဏ်ပြုလွှာကို မသန်စွမ်းသူများ အားကစားပြိုင်ပွဲအတွက် ပံ့ပိုးကူညီပေးခဲ့သော အလှူရှင်များအား ပေးအပ်သည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများအဖွဲ့ချုပ်သို့ ငွေပဒေသာပင်အလှူငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများအဖွဲ့ချုပ် Special Olympic Myanmar ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူသည်။

အဆိုပါ ဉာဏ်ရည်မသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ အားကစားသမား စုစုပေါင်း၂၀၀ ကျော်ပါဝင်ပြီး ပြိုင်ပွဲတွင် အပြေး၊ လမ်းလျှောက်၊ soft ball throwing စသည့် အားကစားနည်းများအပြင် ငါးယောက်တစ်ဖက် ဘောလုံးပြိုင်ပွဲနှင့် Bocce ပြိုင်ပွဲတို့ကို နိုဝင်ဘာလ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

# ချောင်းဆုံမြို့၌ (၇၆)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲကျင်းပ



**ချောင်းဆုံ နိုဝင်ဘာ ၂၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဗဟိုမှကြီးမှူး၍ မြို့နယ်အတွင်းရှိ စာစစ်ဌာနများ၌ မွန်ဘာသာနှင့်မြန်မာဘာသာတို့ဖြင့် (၇၆)ကြိမ်မြောက် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲကို နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါစာမေးပွဲကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ကညွှဲ့ အခြေခံပညာအထက်တန်းကျောင်းနှင့် မုဒ္ဒွန်းအခြေခံပညာအထက်တန်းကျောင်းတို့တွင် မွန်ဘာသာနှင့် မြန်မာဘာသာတို့ဖြင့် ဖြေဆိုနေမှုအား ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ချောင်းဆုံမြို့နယ်၌ မုရစ်ကလေး၊ ကွမ်သဲ၊ ချောင်းဆုံ၊ ကရင်ဝင်းစိန်၊ ရွာလွတ်၊ သကြော့၊ ကညွှဲ့၊ ကလွီ၊ ခရိုက်ဒူး၊ ကမာကေးနှင့် မုဒ္ဒွန်းကျေးရွာတို့ရှိ စာစစ်ဌာနတို့တွင် အငယ်တန်းဖြေဆိုသူ ၁၃၃၈ ဦး၊ အလတ်တန်းဖြေဆိုသူ ၄၇၈ ဦးနှင့် အကြီးတန်းဖြေဆိုသူ ခြောက်ဦး စုစုပေါင်း ၁၈၂၂ ဦး ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ (၃၈)ဖြာမင်္ဂလာတရားတော်နှင့်ဗုဒ္ဓဝင်စာမေးပွဲကို ကျောင်းသားလူငယ်လူရွယ်များ ဘာသာတရားကိုင်းရှိုင်းပြီး ယဉ်ကျေးလိမ္မာစေရန်၊ တိုင်းရင်းသားအချင်းချင်းရိုင်းပင်းကူညီ၍ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတတ်စေရန်နှင့် အမျိုးအနွယ်ကိုစောင့်ထိန်းကာ အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(၄၀၆)

# ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းဆောင်ရွက်

**လားရှိုး နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၁၃ နှစ်မှ ၁၇ နှစ်အရွယ် ကျောင်းသား၊ကျောင်းသူများအား ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံများသိရှိစေရန်၊ သွေးအားနည်းရောဂါဖြစ်ပွားမှုကို ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ရောဂါတွေ့ရှိပါက အထူးကုဆရာဝန်များနှင့် ဆက်လက်ပြသပေးနိုင်ရန်အတွက် ကျန်းမာရေးစစ်ဆေးခြင်းကို နိုဝင်ဘာလ ၂၈ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆေးသုတေသနဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ကုသရေးဦးစီးဌာနတို့မှတာဝန်ရှိသူများက ကျန်းမာရေးနှင့်ပတ်သက်သည့် အကြောင်းအရာများ ဆန်းစစ်လေ့လာရန်အတွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း Grade-8 ရှိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၀ ဦးတို့အား မေးခွန်းလွှာများမေးမြန်းခြင်း၊ သွေးပေါင်ချိန်ခြင်း၊ အရပ်၊ ကိုယ်အလေးချိန်၊ ခါးပတ်လည်တိုင်းတာခြင်းနှင့် သွေးဖောက်စစ်ဆေးခြင်းများဆောင်ရွက်ပြီး ကျန်းမာရေး အသိပညာပေးဟောပြောကြောင်း သိရသည်။

(၄၀၄)

MWD Education, Knowledge & Sports Channel

၃၀-၁၁-၂၀၂၅(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၈:၀၀ - ၀၉:၄၅ | Grade - 11 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ - ၁၄:၁၀ | Grade - 11 | ဓာတုဗေဒ၊ ရူပဗေဒ |
| ၃။ | ၁၆:၀၀ - ၁၈:၃၀ | Grade - 11 | ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ | ၁၈:၃၀ - ၂၀:၀၀ | Grade - 11 | သမိုင်း၊ ဘောဂဗေဒ |

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၀၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပရီးမီးယားလိဂ် လာလီဂါနှင့် စီးရီးအေ အမှတ်ပေးပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်




## ချယ်လ်ဆီး Vs အာဆင်နယ်

**ကစားမည့် ရက် / အချိန်**

(၁၀-၁၁-၂၀၂၅ ရက် ည ၁၁:၀၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| အာဆင်နယ် | ၁ - ၀ | ချယ်လ်ဆီး |
| ချယ်လ်ဆီး | ၁ - ၁ | အာဆင်နယ် |
| အာဆင်နယ် | ၅ - ၀ | ချယ်လ်ဆီး |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ချယ်လ်ဆီး | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| အာဆင်နယ် | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(နိုင်) |

**ခန့်မှန်းရလဒ်**

ချယ်လ်ဆီး ၂ - ၃ အာဆင်နယ်

ဒီနှစ်သင်းတွေ့ဆုံမှုက ဒီတစ်ပတ်ပွဲစဉ်တွေထဲမှာ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်လာမှာပါ။ ချန်ပီယံဆုအတွက် အားပြိုင်နေရတဲ့အသင်းဖြစ်လို့ နှစ်သင်းစလုံးအတွက် အရေးကြီးနေပါတယ်။ ချယ်လ်ဆီးအသင်းက နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ လေးပွဲအနိုင်ရရှိထားပြီး တစ်ပွဲသာ သရေရလဒ်ထွက်ပေါ်ခဲ့သလို အသင်းခံစစ်ပိုင်းကလည်း နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ တစ်ဂိုးမှမပေးခဲ့ရတဲ့အထိ ခံစစ်ပိုင်းက ကျစ်လျစ်မှုရှိနေပါတယ်။ ချယ်လ်ဆီးအသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှာ ဘာစီလိုနာအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့တယ်ဆိုပေမယ့် အာဆင်နယ်အသင်းကို အိမ်ကွင်းမှာ လက်ခံကစားရတိုင်း ရုန်းကန်ရလေ့ရှိပါတယ်။ ချယ်လ်ဆီးအသင်းက ၂၀၁၉ ခုနှစ်နောက်ပိုင်း အိမ်ကွင်းမှာ အာဆင်နယ်အသင်းကို လက်ခံကစားရတဲ့ပွဲစဉ်တိုင်း နိုင်ပွဲမရရှိသေးတဲ့အထိကို ရုန်းကန်နေရပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ ပရီးမီးယားလိဂ်အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကိုကြည့်မယ်ဆိုရင်လည်း ခြောက်ပွဲကစားပြီးချိန်မှာ သုံးပွဲသာအနိုင်ရရှိခဲ့ပြီး တစ်ပွဲသရေနဲ့ နှစ်ပွဲရှုံးနိမ့်ထားလို့ အိမ်ကွင်းဆိုရင် ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိတာကို တွေ့ရမှာပါ။

အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ အာဆင်နယ်အသင်းကလည်း ရမှတ်ပိုမိုဖြတ်တောက်နိုင်ဖို့အတွက် ရမှတ်လိုအပ်ချက်ရှိနေပါတယ်။ အာဆင်နယ်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလည်း အကောင်းဆုံးပုံစံမှာရှိနေပြီး ပြည့်စုံနေတာကို တွေ့ရမှာပါ။ အာဆင်နယ်အသင်းတိုက်စစ်ပိုင်းကလည်း နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ ၁၄ ဂိုးရရှိတဲ့အထိ ထက်မြက်မှုရှိနေလို့ ချယ်လ်ဆီးအသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးနိုင်မှာပါ။ အာဆင်နယ်အသင်းက ၂၀၁၉ ခုနှစ်နောက်ပိုင်း ချယ်လ်ဆီးအသင်းအိမ်ကွင်းမှာ သွားရောက်ကစားရတိုင်း ရလဒ်ကောင်းလေ့ရှိပြီး တစ်ကြိမ်မှမရှုံးနိမ့်သေးပါဘူး။ အာဆင်နယ်အသင်းရဲ့ ပရီးမီးယားလိဂ်အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကလည်း ခြောက်ပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ရရှိထားတာကို တွေ့ရမှာပါ။

ဒီနှစ်သင်းတွေ့ဆုံမှုအပိုင်းမှာတော့ အာဆင်နယ်အသင်းက ၁၆ ကြိမ်နိုင်၊ ချယ်လ်ဆီးအသင်းက ၁၅ ကြိမ်နိုင်နဲ့ ၁၁ ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ ကွာခြားမှုမရှိပေမယ့် နောက်ပိုင်းတွေ့ဆုံမှုတိုင်းမှာ အာဆင်နယ်အသင်းက အသာရလေ့ရှိလို့ အာဆင်နယ်အသင်း ရလဒ်ကောင်းသွားနိုင်ပါတယ်။

## ဂီရိုနာ Vs ရီးယဲလ်မက်ဒရစ်

**ကစားမည့် ရက် / အချိန်**

(၁၀-၁၁-၂၀၂၅ ရက် နံနက် ၂:၃၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| ရီးယဲလ်မက်ဒရစ် | ၂ - ၀ | ဂီရိုနာ |
| ဂီရိုနာ | ၀ - ၃ | ရီးယဲလ်မက်ဒရစ် |
| ရီးယဲလ်မက်ဒရစ် | ၀ - ၃ | ဂီရိုနာ |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ဂီရိုနာ | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |
| ရီးယဲလ်မက်ဒရစ် | ဝေး(သရေ) | ဝေး(သရေ) | ဝေး(နိုင်) |

**ခန့်မှန်းရလဒ်**

ဂီရိုနာ ၁ - ၃ ရီးယဲလ်မက်ဒရစ်

ဂီရိုနာအသင်းအတွက် အိမ်ကွင်းမှာလက်ခံကစားရမယ်ဆိုပေမယ့် ပြိုင်ဘက်အသင်းက ရီးယဲလ်မက်ဒရစ်အသင်းဖြစ်နေလို့ သရေရလဒ်တောင် မျှော်လင့်ဖို့ ခက်ခဲနေပြီး ဂိုးပြတ်မရှုံးနိမ့်အောင်သာ ဦးတည်ပြင်ဆင်ရမှာပါ။ ဂီရိုနာအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုအားနည်းနေပါတယ်။ ဂီရိုနာအသင်းရဲ့ စပိန်လာလီဂါအိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ခုနစ်ပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ သုံးပွဲရှုံးနိမ့်ထားလို့ စွမ်းဆောင်ရည်ပိုင်း ဆိုးရွားနေတာကိုတွေ့ရမှာပါ။ ဂီရိုနာအသင်းက ရီးယဲလ်မက်ဒရစ်အသင်းနဲ့တွေ့ဆုံခဲ့တဲ့ လေးပွဲဆက်မှာ တစ်ဂိုးမှသွင်းယူနိုင်ခြင်းမရှိခဲ့လို့ အခုပွဲစဉ်မှာလည်း ရုန်းကန်ရဖို့ရှိနေပါတယ်။ ဂီရိုနာအသင်းက ၂၀၁၉ ခုနှစ်နောက်ပိုင်း ရီးယဲလ်မက်ဒရစ်အသင်းနဲ့တွေ့ဆုံတိုင်း တစ်ကြိမ်မှအနိုင်မရရှိခဲ့တဲ့အထိကို ရုန်းကန်နေရပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတယ်ဆိုပေမယ့် အဆင့်(၂)က ဘာစီလိုနာအသင်းနဲ့ ရမှတ် တစ်မှတ်သာကွာဟနေလို့ အမှားခံလို့မရပါဘူး။ လက်ရှိရီးယဲလ်မက်ဒရစ်အသင်းရဲ့ခြေစွမ်းပိုင်းကလည်း အဝေးကွင်းဆိုပေမယ့် ဂီရိုနာအသင်းကို အနိုင်ရယူဖို့အတွက်ကတော့ ခက်ခဲမှာမဟုတ်ပါဘူး။ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဂိုးပြတ်၊ မပြတ်ကိုသာ စောင့်ကြည့်ရမယ့် အနေအထားမှာရှိနေပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ စပိန်လာလီဂါအဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကလည်း ခုနစ်ပွဲမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေနဲ့ တစ်ပွဲရှုံးရလဒ်ရရှိထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်း အကောင်းဆုံးအသင်းအဖြစ်တောင် ရပ်တည်နေပါတယ်။ အမ်ဘတ်ပီနဲ့ ဗင်နီစီးယက်တို့ ဦးဆောင်နေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကလည်း အကောင်းဆုံးပုံစံမှာရှိနေလို့ ဂီရိုနာအသင်းခံစစ်ပိုင်းကို ဖိအားပေးကစားနိုင်မှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာတော့ ရီးယဲလ်မက်ဒရစ်အသင်းက ရှစ်ကြိမ်နိုင်၊ ဂီရိုနာအသင်းက သုံးကြိမ်နိုင်နဲ့ တစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒါကြောင့် တွေ့ဆုံမှုပိုင်း၊ ကစားသမားအင်အားပိုင်းနဲ့ လက်ရှိခြေစွမ်းပိုင်းတွေမှာ အသာစီးမှာရှိနေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ အနိုင်ရလဒ်က သေချာပါတယ်။



## ရိုးမား Vs နာပိုလီ

**ကစားမည့် ရက် / အချိန်**

(၁၀-၁၂-၂၀၂၅ ရက် နံနက် ၂:၁၅ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

| | | |
|---|---|---|
| ရိုးမား | ၁ - ၁ | နာပိုလီ |
| နာပိုလီ | ၁ - ၀ | ရိုးမား |
| နာပိုလီ | ၂ - ၂ | ရိုးမား |

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ရိုးမား | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |
| နာပိုလီ | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(နိုင်) |

**ခန့်မှန်းရလဒ်**

ရိုးမား ၂ - ၁ နာပိုလီ

ချန်ပီယံဆုအတွက် အားပြိုင်နေတဲ့အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံတဲ့ပွဲစဉ်ဖြစ်လို့ အကြိတ်အနယ်ရှိလာမှာပါ။ ရိုးမားအသင်းက နည်းပြ ဂတ်ပါရီနီလက်အောက်မှာ အကောင်းဆုံးပုံစံရှိနေပြီး အမှတ်ပေးဇယားထိပ်ဆုံးကဦးဆောင်နိုင်ခဲ့တဲ့အထိ ခြေစွမ်းပိုင်းထက်မြက်လာပါတယ်။ ရိုးမားအသင်းက နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ အေစီမီလန်အသင်းတစ်သင်းတည်းကိုသာ ရှုံးနိမ့်ပြီး ကျန်လေးပွဲစလုံးအနိုင်ရရှိခဲ့လို့ ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ နည်းပြ ဂတ်ပါရီနီကလည်း စီးရီးအေချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့တဲ့အစွမ်း ရှိနေတဲ့နည်းပြဖြစ်လို့ ရိုးမားအသင်းက ချန်ပီယံဆုအတွက် စောင့်ကြည့်ရမယ့်အသင်းအဖြစ် ရပ်တည်နေပါတယ်။ ရိုးမားအသင်းရဲ့ စီးရီးအေအိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ခြောက်ပွဲကစားပြီးချိန်မှာ လေးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်ထားတာကိုတွေ့ရမှာပါ။ ဒီရာသီ ရိုးမားအသင်းခံစစ်ပိုင်းက ၁၂ ပွဲမှာ ခြောက်ဂိုးတည်းသာ ခွင့်ပြုထားရလို့ နာပိုလီအသင်းတိုက်စစ်ပိုင်းအနေနဲ့ကစားရခက်ခဲမှာပါ။

ကွန်တီရဲ့ နာပိုလီအသင်းကလည်း အမှတ်ပေးဇယားထိပ်ဆုံးကနေ အဆင့်(၃)နေရာအထိကျဆင်းသွားတယ်ဆိုပေမယ့် အဆင့်(၂)နေရာက အေစီမီလန်အသင်းနဲ့ရမှတ်တူညီနေသလို ထိပ်ဆုံးက ဦးဆောင်နေတဲ့ ရိုးမားအသင်းနဲ့လည်း နှစ်မှတ်သာကွာဟနေလို့ အခုပွဲမှာနိုင်ခဲ့ရင် အမှတ်ပေးဇယားကိုပြန်လည်ဦးဆောင်နိုင်ခွင့်ရနိုင်ပါတယ်။ ဒါပေမဲ့ နာပိုလီအသင်းက နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာလည်း နှစ်ပွဲသာနိုင်ပွဲရရှိပြီး နှစ်ပွဲသရေ တစ်ပွဲရှုံးရလဒ် ရရှိထားလို့ စွမ်းဆောင်ရည်ပိုင်းကျဆင်းနေပါတယ်။ ဒါ့ပြင် နာပိုလီအသင်းရဲ့ စီးရီးအေအဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင်လည်း ခြောက်ပွဲကစားပြီးချိန်မှာ သုံးပွဲသာအနိုင်ရရှိပြီး သုံးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းပွဲစဉ်တွေဆိုရင် ရုန်းကန်နေရတာကို တွေ့ရမှာပါ။ ဒါ့ပြင် နာပိုလီအသင်းက ဂိုးရရှိဖို့အတွက်ဆိုရင်လည်း တိုက်စစ်ပိုင်းက လိုအပ်ချက်တွေရှိနေပြီး ကွင်းလယ်ပိုင်းက မက်တွမ်မီနေးကိုသာ အားထားနေရလို့ အခုပွဲစဉ်မှာ ခံစစ်ပိုင်းအကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတဲ့ ရိုးမားအသင်းခံစစ်ပိုင်းကို ထိုးဖောက်ကစားဖို့ ခက်ခဲမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာတော့ နာပိုလီအသင်းက ၁၅ ကြိမ်နိုင်၊ ရိုးမားအသင်းက ၁၀ ကြိမ်နိုင်နဲ့ ခုနစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့ နာပိုလီအသင်းက အနည်းငယ်အသာစီးမှာရှိနေပါတယ်။ အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းကွာခြားမှုမရှိလို့ အိမ်ရှင်အားသာချက်နဲ့ကစားလာမယ့် ရိုးမားအသင်းပဲ အနိုင်ရရှိပါလိမ့်မယ်။

**စည်သူအောင်**

# ဆောင်းရာသီမှာ သတိပြုစရာ နှာစေးချောင်းဆိုးဝေဒနာ

မိုးအကုန် ဆောင်းအကူးရာသီတွင် နှာစေး၊ ချောင်းဆိုးအဖြစ်များတတ်သည်။ နှာစေးခြင်းသည် ကိုယ်တွင်းအပူငုပ်သည့်လက္ခဏာဖြစ်သည်။ ရှေးတိုင်းရင်းဆေးဆရာကြီးများက အပြင်မှ အအေးတို့စုပြီး ပိတ်ဆို့ထားသဖြင့် ထွက်ပေါက်မရှိဘဲ အပူအကျဉ်းကျရောဂါဖြစ်ရသည်ဟုဆိုသည်။ မွေးညင်းပေါက်တို့မှ အခိုးအကင်းတို့သည် ချွေးအဖြစ်ထွက်မကျရသောအခါ နှာရည်ယိုကျခြင်းဖြင့် ထွက်ပေါက်ရှာရသည်ဟုအဆိုရှိသည်။ နှာရည်ကျခြင်းသည် ကိုယ်တွင်းအပူများခြင်းကြောင့်ဖြစ်သည်။

ညနေစောင်းတွင် ရေချိုးလေ့ရှိသူများသည် ဆောင်းရာသီတွင် နှာစေးပြီး ခေါင်းကိုက်ရောဂါခံစားရလေ့ရှိသည်ကို တွေ့ရသည်။ နှာစေး၊ နှာရည်ယိုခြင်း ရုတ်တရက်ရပ်သွားပြီး နှာခေါင်းပိတ်သွားလျှင် ထိပ်ကပ်နာရောဂါဖြစ်တတ်သည်။ ထိပ်ကပ်နာရောဂါသည် နှာခေါင်းအတွင်း နှာရိုးမှ အရွတ်တုံးလေးရောင်ရမ်းခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် အလွန်အေးသောအရပ်ဒေသများတွင် ရေနွေးဖြင့်စပ်၍ ရေချိုးရသည်။ ရေချိုးပြီး အအေးမိသည်ထင်လျှင် ပရုတ်ဆီကို ကြွေပန်းကန်လုံးတွင်သုတ်လိမ်းပြီး ရေနွေးအဖြူလောင်းထည့်ကာ ထွက်လာသောရေနွေးငွေ့ကိုရှူပေးခြင်းဖြင့် ထိပ်ကပ်နာရောဂါဖြစ်ခြင်းမှ ကာကွယ်နိုင်သည်။

ခန္ဓာကိုယ်အတွင်း အပူအကျဉ်းကျသောအခါ နှာခေါင်းမှ နှာရည်ယိုသည့်အပြင် ငယ်ထိပ်ထွက်ပေါက်မှလည်း အပူငွေ့များထွက်တတ်သည်။ တချို့လူကြီးများတွင် ဆောင်းရာသီရောက်မှ ခေါင်းချွေးပြန်ပြီး ပဝါဖြင့် အမြဲသုတ်နေရသည်ကို တွေ့ရသည်။ ခေါင်းချွေးပြန်ပြီး ရပ်သွားလျှင် နှာစေး၊ နှာရည်ယိုဖြစ်ပြီး ခေါင်းကိုက်လာတတ်သည်။ ထိုရောဂါအတွက် ညအိပ်ရာဝင်ချိန်တိုင်းတွင် ငယ်ထိပ်ကို အုန်းဆီလိမ်းပြီး အိပ်ခြင်းဖြင့် ကာကွယ်နိုင်သည်။ အုန်းဆီသည် ငယ်ထိပ်မှထွက်လာသော အခိုးကို ဖမ်းယူနိုင်ပြီး ဆံပင်ကျွတ်ခြင်း၊ ထိပ်ပြောင်ခြင်းကို ကာကွယ်ပေးနိုင်သည်။

အအေးမိ၊ နှာစေး၊ ခေါင်းကိုက်၊ ကိုယ်ပူဖျား၊ တုပ်ကွေးဖျား၊ ညောင်းညာကိုက်ခဲခြင်းများအတွက် ကြိုတင်ကာကွယ်ရန် ကန့်ချုပ်နီ၊ ခပေါင်းကြီး၊ ဖွားဖက်တော်၊ ပေါက်နက်၊ ငဖုန်းဆေး၊ အော်လဲ၊ ပညာလကာ၊ ဆေးပုလဲ၊ ငပြေရှင်၊ ငစိုင်ရှင်၊ လင်းလေ၊ စမုန်နက်၊ သိန္ဓော၊ ဇာတိပ္ဖိုလ်သီး၊ လေးညှင်းပွင့်တစ်ကျပ်သားစီနှင့် စမုန်မျိုးငါးပါး ငါးကျပ်သားစီပါဝင်သည့် ကန့်ချုပ်ပဒေသာဆေးကို ရေချိုးပြီးတိုင်း လူကြီး ဆေးနှစ်ပဲသား (မန်ကျည်းစေ့နှစ်စေ့ခန့်)၊ ကလေး ဆေးတစ်ပဲသား (မန်ကျည်းစေ့တစ်စေ့ခန့်) တိုက်ကျွေးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**"တချို့လူကြီးများတွင် ဆောင်းရာသီရောက်မှ ခေါင်းချွေးပြန်ပြီး ပဝါဖြင့် အမြဲသုတ်နေရသည်ကို တွေ့ရသည်။ ခေါင်းချွေးပြန်ပြီး ရပ်သွားလျှင် နှာစေး၊ နှာရည်ယိုဖြစ်ပြီး ခေါင်းကိုက်လာတတ်သည်။ ထိုရောဂါအတွက် ညအိပ်ရာဝင်ချိန်တိုင်းတွင် ငယ်ထိပ်ကို အုန်းဆီလိမ်းပြီး အိပ်ခြင်းဖြင့် ကာကွယ်နိုင်သည်။ အုန်းဆီသည် ငယ်ထိပ်မှထွက်လာသောအခိုးကို ဖမ်းယူနိုင်ပြီး ဆံပင်ကျွတ်ခြင်း၊ ထိပ်ပြောင်ခြင်းကို ကာကွယ်ပေးနိုင်..."**

*ကြည်လွင်မြင့်(မုဒြာ)*

# အသက်အရွယ်ကြီးသူများ အခါးများများစားပါ

လူသားတို့ အသက်ရှည်ရန် အားနှစ်မျိုးလိုအပ်သည်။ ထိုအားနှစ်မျိုးမှာ သွေးအားနှင့် လေအားတို့ဖြစ်သည်။ ဓာတ်သဘောအားဖြင့်ဆိုလျှင် သွေးသည် အာပေါဓာတ်ဖြစ်ပြီး လေသည် ဝါယောဓာတ်ဖြစ်သည်။ ဆန့်ကျင်ဘက်ဓာတ်နှစ်မျိုးဖြစ်သည်။ ထိုဆန့်ကျင်ဘက်ဓာတ်နှစ်မျိုးပေါင်းစပ်ကာ သွေးဟူသောအာပေါဓာတ်က တွန်းပို့လျက်ရှိပေသည်။ ဆန့်ကျင်ဘက်ဓာတ်နှစ်မျိုးပေါင်းလျှင် အကျိုးရှိသည်ကို ခန္ဓာကိုယ်တွင်းက သက်သေပြလျက်ရှိပေသည်။

အသက်ကြီးလာသောအခါ သွေးအားယုတ်လာသည်ဟု ပြောစမှတ်ပြုကြသည်။ အမှန်က သွေးက ခန္ဓာကိုယ်အတွင်းတွင် အပြည့်ရှိသည်။ သွေးကိုတွန်းပို့ပေးမည့် ဝါယောဓာတ်က အားယုတ်လာခြင်းကြောင့် အားနည်းလာခြင်းဖြစ်သည်။ သွေးထောက်ပံ့မှုမရောက်ရှိသောလက္ခဏာကို အစွန်အဖျားနေရာများမှ ပြသည်။ ငယ်ထိပ်တွင် ဆံပင်များကျွတ်ပြီး ပြန်မပေါက်တော့သောကြောင့် ထိပ်ပြောင်လာသည်။ ခြေထောက်ရှိ ခြေသန်း၊ ခြေသူကြွယ်ခြေချောင်းလေးများတွင် အက်ကွဲကြောင်းများဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ခန္ဓာကိုယ်အရေပြားတွင် အက်ကွဲရာများပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။

အသက်ကြီးလာလျှင် လေဆက်စေရန် အခါးစားပေးရမည်ဟု ရှေးလူကြီးများကဆိုသည်။ အခါးဟူရာတွင်လည်း နှစ်မျိုးရှိသည်။ ပူခါးနှင့် အေးခါးဟူ၍ အာယုဗ္ဗေဒဆေးကျမ်းများတွင် တမာအခါးကိုလည်းကောင်း၊ မုရားကြီးရွက်အခါးကိုလည်းကောင်း၊ တောင်မရိုးအခါးကိုလည်းကောင်း ဝါး၍ လျှာဖြင့်စမ်းကြည့်သောအခါ အပူခါးအရသာကို တွေ့ရမည်ဖြစ်သည်။ တမာအခါးမှာ ပိုးကိုနိုင်သည်။ တောင်မရိုးအခါးမှာ အဖျားကိုနိုင်သည်။ မုရားကြီးရွက်အခါးမှာ ပန်းနာ၊ ချောင်းဆိုးနှင့် အဆုတ်နာရောဂါအမျိုးမျိုးတို့ကို နိုင်သည်ဟုဆိုသည်။

**"ရှေးလူကြီးများသည် လက်ဖက်စစ်စစ်ကို နှမ်းဆီဖြင့်စိမ်ပြီး နေ့လယ်ထမင်းစားပြီးတိုင်း အနည်းငယ်စားပေးကြသည်။ လူကြီးများအတွက် လေဆက်ပြီး အသက်ရှည်စေသောဆေးဖြစ်သည်ဟု ဆိုသည်။ လက်ဖက်သည် အေးခါးအရသာဖြစ်သဖြင့် ပူခါးအရသာဖြစ်သွားအောင် နှမ်းဆီဖြင့် စိမ်စားခြင်းဖြစ်သည်..."**

ခွေးတောက်ရွက်သည်လည်း ပူခါးမျိုးဖြစ်သည်။ လူကြီးများတွင်ဖြစ်သော အညောင်းများသည့် ပါဒရက်ရောဂါအမျိုးမျိုးကိုနိုင်သဖြင့် ခွေးတောက်ရွက်ဟင်းချိုကို ကြက်ရိုးဖြင့်ချက်၍ ရှေးဆရာကြီးများက ဓာတ်စာပေးသည်ကို တွေ့ရဖူးသည်။

ရှေးလူကြီးများသည် လက်ဖက်စစ်စစ်ကို နှမ်းဆီဖြင့်စိမ်ပြီး နေ့လယ်ထမင်းစားပြီးတိုင်း အနည်းငယ်စားပေးကြသည်။ လူကြီးများအတွက် လေဆက်ပြီး အသက်ရှည်စေသောဆေးဖြစ်သည်ဟုဆိုသည်။ လက်ဖက်သည် အေးခါးအရသာဖြစ်သဖြင့် ပူခါးအရသာဖြစ်သွားအောင် နှမ်းဆီဖြင့်စိမ်စားခြင်းဖြစ်သည်။ အသက်ရာကျော်ရှည်သောဘိုးဘွားများသည် ဤဓာတ်စာကို စားခဲ့ကြသည်ဟု မှတ်သားရဖူးသည်။

လေမသက် အနေခက်၊ လေမစုန် ငွေကုန်ဟု ရှေးလူကြီးများပြောကြသည်။ လူကြီးများအတွက် ကျန်းမာရေးမှာ လေကအရေးကြီးဆုံးဖြစ်သည်ဟုဆိုသည်။ လေလည်ခြင်းကို ရှက်စရာဟုယူဆကြသော်လည်း လေလည်နေသည့်လူကြီးများမှာ ကျန်းမာနေသည်ကို တွေ့ရပေသည်။ ဆေးပညာအရလည်း အသက် ၆၅ နှစ်ကျော်လျှင် လေအရွယ်ရောက်ပြီဖြစ်သဖြင့် လေဆက်မည့်ဓာတ်စာများ စားပေးသင့်ကြောင်း ရေးသားလိုက်ရပါသည်။

## ဖျာပုံမြို့နယ်မှ ငါးတန်များဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ဖျာပုံ နိုဝင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ မွေးမြူရေးငါးတန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဒေါ်အေးမော်၏ပြောပြချက်အရ သိရသည်။

ဖျာပုံမြို့နယ် ငါးဈေးကွက်၌ နိုဝင်ဘာလနောက်ဆုံးပတ်မှစ၍ ငါးတန်များ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက်ငါးတန်များကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားများနေခြင်းဖြစ်ပြီး တစ်ရက်လျှင် ငါးတန် ပိဿာ ၄၀၀၀ မှ ၅၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဖျာပုံမြို့နယ်ဘက်ကထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေတာပါ။ ဒီဘက်ကထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ငါးတန်က အခုချိန်မှာ အရောင်းအဝယ်အကောင်းဆုံးပါ။ အရောင်းအဝယ်ကောင်းလာတော့ လုပ်သားတွေ၊ လုပ်ငန်းရှင်တွေနဲ့ အဓိက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အခွင့်အလမ်းကောင်းလာပါတယ်" ဟု ဒေါ်အေးမော်ကပြောသည်။

ဖျာပုံမြို့နယ်၌ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများက ဒေသထွက်ငါးတန်များကိုဝယ်ယူပြီး ရောင်းတမ်းဝင်သည့်အနေအထားတွင် ပြန်လည်ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

သုတကျော်

## ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ အတက်ရောဂါစီမံချက်လုပ်ငန်းစတင်ခြင်း အသိပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ အတက်ရောဂါစီမံချက်လုပ်ငန်းစတင်ခြင်း အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၈ ရက်က မြို့နယ်ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်မူမြင့်က အတက်ရောဂါစီမံချက်စတင်ခြင်းနှင့်ပတ်သက်၍ ပြောကြားကာ အတက်ရောဂါအကြောင်း အသိပညာပေးပြောကြားရာတွင် အတက်ရောဂါဖြစ်စေသည့်အကြောင်းရင်းများ၊ အတက်ရောဂါဖြစ်စေခြင်းကို လှုံ့ဆော်သည့်အခြေအနေများ၊ အတက်ရောဂါနှင့်ပတ်သက်၍ ရှာဖွေရေးနည်းလမ်းများ၊ ရှေးဦးပြုစုခြင်း၊ လူနာများအား ဆေးရုံ၊ ဆေးခန်းသို့ညွှန်းပို့ခြင်း၊ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းများကို ပြောကြားသည်။

ယင်းနောက် အတက်ရောဂါဆိုင်ရာ အကြောင်းအရာများကို Video Click ဖြင့်ပြသပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

မြင့်မြင့်ရီ




# အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော အားကစားနှင့်လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၂၈ ရက်က လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အတွင်းပဒံ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားမှူး ဦးဇော်ထိုက်အောင်က လူငယ်များနှင့် အားကစားဆိုင်ရာ အသိပညာပေးဆွေးနွေးပြောကြားကာ ဒုတိယပညာရေးမှူး ဒေါ်ဝင်းဝင်းလှိုင်က ပညာရေးနှင့်လူငယ် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေလွင်လွင်ကျော်က လူငယ်ရေးရာခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းဌေးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက Fitness Dance ဖြင့် ဖျော်ဖြေပြီး ကျောင်းသားများက မြန်မာ့ရိုးရာသိုင်းကကွက်များဖြင့် သရုပ်ဖော်ပြသကြသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားပစ္စည်းများပေးအပ်ရာ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး မြို့နယ်အားကစားမှူး ဦးဇော်ထိုက်အောင်နှင့် တာဝန်ရှိသူများက သရုပ်ပြကစားပေးကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြောင်းသိရသည်။ **ချမ်းမြေ့**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ အလိုတော်ပြည့်ဘုရားဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

ညောင်ဦး နိုဝင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ အလိုတော်ပြည့်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို နိုဝင်ဘာလ ၂၉ ရက်တွင် ကျင်းပရာ အလိုတော်ပြည့်ဆရာတော်ကြီးနှင့် သံဃာတော်များက အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြောင်း သိရသည်။

အခမ်းအနားတွင်အလိုတော်ပြည့်ဘုရား ဩဝါဒါစရိယ အလိုတော်ပြည့်စာသင်တိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစက ပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပဏ္ဍိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားနာယူကြသည်။

ထို့နောက် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် ကော်မတီဝင်များ၊ အလိုတော်ပြည့်ဘုရားဂေါပကအဖွဲ့နှင့် မြန်မာနိုင်ငံအရပ်ရပ်မှ အလှူရှင်များက သံဃာတော်များကို လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **ဒီပါလင်း**

# ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ်အနက် တတိယအချက်ဖြစ်သော နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ရေးဟူသောဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားကစားကဏ္ဍကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပေသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားကို မြှင့်တင်ဆောင်ရွက်ခြင်း၊ အားကစားနည်းအလိုက် မျိုးဆက်သစ်များစဉ်ဆက်မပြတ်ပေါ်ထွက်ရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေး၊ နိုင်ငံတော်၏ အနာဂတ်တာဝန်များအား ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် လူငယ်လူရွယ်များ၏ကျန်းမာကြံ့ခိုင်မှု၊ အသိပညာဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိမှုများနှင့် ဗလငါးတန်ပြည့်စုံစေရေးအပါအဝင် လူငယ်လူရွယ်များအား ဘက်စုံထောင့်စုံမှ အရည်အချင်းမြှင့်တင်ပေးနိုင်ရေး လုပ်ငန်းတာဝန်များအား ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သော လူထုစုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းအားကစားလှုပ်ရှားမှုများကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိပါသည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ) ပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ)များအတွက် ပြိုင်ပွဲဝင်ရာတွင် ပြိုင်ပွဲဝင်များအနေဖြင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါကဏ္ဍတစ်ရပ်စီအတွက် ထပ်မံတိုးမြှင့်/ပြုပြင်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ပြည့်စုံစွာဖော်ပြရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်ပါသည်-

(က) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုအားကစားလှုပ်ရှားမှုတွင် ပြည်သူလူထုပိုမိုပူးပေါင်းပါဝင်လာစေရေးအတွက် ထပ်မံတိုးမြှင့်/ ပြုပြင်ဆောင်ရွက်သင့်သည့်အချက်များ

( ခ ) လတ်တလော မြန်မာအားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်သည့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ သုံးသပ်ချက်များ

( ဂ ) နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးအတွက် ထပ်မံတိုးမြှင့်/ ပြုပြင် ဆောင်ရွက်သင့်သည့်အချက်များ

(ဃ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုမည့် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သင့်သည့် အချက်များ

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size(13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၉) မျက်နှာထက်မနည်း၊ (၁၀)မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ (၁၁) မျက်နှာထက်မနည်း၊ (၁၂) မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word ဖြင့် Unicode Pyidaungsu, Font Size (13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၅) မျက်နှာထက်မနည်း၊ (၆) မျက်နှာထက်မများ အထက်အပိုဒ်ခွဲ(က၊ခ၊ ဂ၊ ဃ)ပါအကြောင်းအရာများအပေါ်အခြေခံ၍ မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀"x၁၄" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားစုပေါင်းလှုပ်ရှားမှုပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။ ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိပြီးသော ဓာတ်ပုံများအား ပေးပို့ယှဉ်ပြိုင်ခြင်းကို ခွင့်မပြုကြောင်းနှင့် စိစစ်တွေ့ရှိရပါက ၎င်းပြိုင်ပွဲဝင် ယှဉ်ပြိုင်ထားသည့် အခြားပြိုင်ပွဲဝင်ဓာတ်ပုံများကိုလည်း ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

ဓာတ်ပုံပြိုင်ပွဲဝင်သူများအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများနှင့် ၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများကို ထည့်သွင်းယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်စာမူနှင့် ဓာတ်ပုံများအား အရေအတွက် အကန့်အသတ်မရှိပေးပို့ယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများနှင့် ဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Cluster 5-1) သို့လိပ်မူ၍ Soft Copy **(၁)ချပ်၊** Hard Copy **(၁)စုံနှင့်အတူ ပေးပို့ရန်ဖြစ်ပြီး ၎င်းတို့နှင့်အတူ ပြိုင်ပွဲဝင်သူ၏ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန်(၁)စောင်၊ ကိုယ်တိုင်ရေးသား/ရိုက်ကူးထားကြောင်း ဝန်ခံချက်တို့ကိုလည်း တစ်ပါတည်း ပူးတွဲပေးပို့ကြရန်ဖြစ်ပါသည်။**

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့်ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆုကျပ်(၁၀)သိန်း၊ ဒုတိယဆု ကျပ်(၈)သိန်း၊ တတိယဆု ကျပ်(၆)သိန်းနှင့် နှစ်သိမ့်ဆု ကျပ်(၅)သိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ်သတင်းစာများ၊ ဌာနမှထုတ်ဝေသည့် လစဉ်ထုတ်သတင်းလွှာနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသောစာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့်စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသောစာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၉-၄၂၀၇၀၄၆၂၄ ၊ ၀၉-၉၇၉၆၉၈၀၂၂၊ ၀၉-၂၅၆၄၈၉၉၂၃ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC


Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
ရုံးချုပ် – အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၃၆
Myanmar MOBILE MONEY

❖ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကောင်းမွန်ရန်လိုပြီး ကုန်ထုတ်လုပ်မှုများတိုးတက်ရန်လို...

❖ ခရိုင်အဆင့်နှင့်မြို့နယ်အဆင့် အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် မိမိတို့ဒေသ၏အကြောင်းအရာများကိုသိရှိရန်လိုပြီး ကုန်ထုတ်လုပ်ငန်းများတိုးတက်ထုတ်လုပ်နိုင်ရေး နည်းလမ်းများရှာဖွေဆောင်ရွက်ပေးကြရန်လို...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့မိဖြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# KK Park နယ်မြေအတွင်း တရားမဝင်အဆောက်အအုံများအား ဆက်လက်ဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်နေကြသူများအား အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ဆက်လက်ရှင်းလင်းဆောင်ရွက်




တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၈ ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း(၃)နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ၇ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၂၂ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စာမျက်နှာ ၁၆ ကော်လံ ၁ ⇨

## ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်




နေပြည်တော် နိုဝင်ဘာ ၂၉

**ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" (DITWAH) အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဒစ်ဝါ" (DITWAH) သည် စာမျက်နှာ ၂၄ ကော်လံ ၃ ➔

## အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (G) ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၉

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(G)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ နိုဝင်ဘာလ ၂၂ ရက်မှ ၃၀ ရက်အထိ လက်ခံကျင်းပလျက်ရှိရာ နိုဝင်ဘာလ ၃၀ ရက် **(ယနေ့)**ညနေ ၄ နာရီတွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယား U -17 အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ


ဇမ္ဗူလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ

အဝေးပြေးစရီးသည်ပို့ဆောင်ရေးလုပ်ငန်း

ပါရမီလက်မှတ်အရောင်းဌာန

ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄

ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅

ရှမ်းမလေး

ပုသိမ်သူ

ရန်ကုန်မြို့တွင်း

G & G Store ဆိုင်များ

Online

Easy Ticket, Go - Auto Ticket

ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု